
နဂါးနီ

# အိုင်ယာလန်သူပုန်
# ပုံးအာမို့
# ရေးသူ မြဒေဝနီးဦး



ဒုတိယအကြိမ်

mgyoe.com

# ဖဂါ့ဒီ

**Brady** ရဲ့ **Ireland's Secret Service in England** စာအုပ်ကို
မြန်မာပြန်ဆိုထားတဲ့ စာအုပ်ပါ။ ရည်ညွှန်းချက်က "ဗမာဆင်းရဲသားနင်းပြားမနမဲ့များ
ထွက်ရပ်အတွက် လူထုအင်အား ရှေ့ဆောင်နေသော တို့ဗမာအစည်းအရုံးကြီးသို့" လို့ ဆိုပါတယ်။
အိုင်ယာလန်သူပုန်ဖုံးအဖွဲ့ဆိုတာ အင်္ဂလိပ်လက်အောက်က လွတ်မြောက်ဖို့ ကြိုးစားအားထုတ်ကြတဲ့
အဖွဲ့အစည်းတစ်ခု အိုင်-အာ-အေ လို့ အမည်ရပါတယ်။
သူတို့အဖွဲ့က အိုင်ယာလန်နိုင်ငံအတွင်းမှာ လှုပ်ရှားကြတာ မဟုတ်ဘဲ
အင်္ဂလန်နိုင်ငံထဲဝင်ရောက်ပြီး အင်္ဂလိပ်ရဲ့ အကျိုးစီးပွားတွေ၊ အိုင်ယာလန်ကို နှိပ်ကွပ်ကြတဲ့
အရာရှိတွေကို ဖျက်ဆီး၊ သုတ်သင် အကြမ်းဖက်တဲ့နည်းနဲ့ ဆောင်ရွက်ကြရတဲ့ အဖွဲ့အစည်းပါ။
အိုင်-အာ-အေ ဗိုလ်မှူး၊ ဗိုလ်ချုပ်အဖြစ် အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ခဲ့တဲ့
ဘရက်ဒီဟာ အင်္ဂလန်မှာ နယ်မြေကျွမ်းကျင်မှုကြောင့် ခေါင်းဆောင်ကြီး အိုကွန်နားက
အင်္ဂလန်မှာပဲ တာဝန်ထမ်းဆောင်စေပါတယ်။ သူက ကိုယ်ပိုင်ပြဋ္ဌာန်းရေးအသင်းမှာ
အလုပ်လုပ်ကိုင်ပြီး အကြမ်းဖက်မှုတွေကို ဦးဆောင်ခဲ့ပါတယ်။
သူတို့ဆောင်ပုဒ်က နိုင်ငံလွတ်မြောက်ဖို့အတွက် ဘာမဆိုလုပ်ကိုင်ပြီး အသက်စွန့်လွှတ်ဖို့ ဖြစ်ပါတယ်။
ဘရက်ဒီချစ်သူရဲ့ အစ်ကိုက အိုင်ယာလန်မှာ အုပ်ချုပ်နေတဲ့ အရာရှိတစ်ဦးဖြစ်နေလို့
အချစ်ကို စွန့်လွှတ်ထားခဲ့ရတာတွေကိုပါ ဖော်ပြထားပြီး နောက်ဆုံးတော့ ဘရက်ဒီအဖမ်းခံရကာ
အိုင်ယာလန်ပြန်ပို့ပြီး ထောင်ချခံရတယ်။ ထောင်ထဲရောက်ရှိတော့လည်း သူတို့ဟာ
ထောင်သားတွေရရှိရမယ့် အခွင့်အရေးတွေကို ရရှိအောင် ဆောင်ရွက်ခဲ့ပုံတွေ ပါဝင်ပါတယ်။

ISBN 9789997110145
NGN12
9 789997 110145
2,000.00KS

mgyoe.com

mgyoe.com

အိုင်ယာလန်သူပုန်ပုံးအဖွဲ့ မြေအောင်ညို
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၇၅ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နှင်းနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အိုင်ယာလန်သူပုန်ဗိုလ်အဖွဲ့

မြဒေါင်းညို

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဉာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဉာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# I

## အိုင်ယာလန် သူပုန်ဗိုးအဖွဲ့
## (၁၉၄၀ ခုနှစ်)

Brady ရဲ့ Ireland's Secret Service in England စာအုပ်ကို မြဒေါင်းညို မြန်မာပြန်ဆိုရေးသားတဲ့စာအုပ်ပါ။ စာအုပ်မှာ ရည်ညွှန်းချက်နဲ့ အခန်း ၂၃ ပါဝင်တဲ့အပြင် နောက်ဆက်တွဲလည်း ထည့်ထားတာ တွေ့ကြရတယ်။ ရည်ညွှန်းချက်က "ဗမာဆင်းရဲသား နင်းပြားစနေမဲ့များ 'ထွက်ရပ်' အတွက် လူထုအင်အားရှေ့ဆောင်နေသော တို့ဗမာအစည်းအရုံးကြီးသို့"လို့ ဆိုပါတယ်။ ဒါပြင့် အသျှင်မဟာသီလဝံသရဲ့...

"သူရဲ:ဘာသာ အသက်ကို စွန့်မြဲ:
သူရဲ:ဟူလျက် အသက်ကို ချစ်ဖွယ်မယှိ
အသက်ကိုချစ်သော သူလည်း
သူရဲ:မူဖွယ် မယှိ..."ဆိုတဲ့ စာကို ထုတ်နုတ်ညွှန်းဆိုထားတယ်။

mgyoe.com

mgyoe.com



အိုင်ယာလန်သူပုန်ဗိုးအဖွဲ့ဆိုတာ အင်္ဂလိပ်လက်အောက်က လွတ်မြောက်ဖို့ ကြိုးစားအားထုတ်ကြတဲ့ အိုင်ယာလန်တော်လှန်ရေးအဖွဲ့အစည်းတွေက အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အိုင်–အာ–အေ လို့ အမည်ရတယ်။ သူတို့အဖွဲ့က အိုင်ယာလန်နိုင်ငံအတွင်းမှာ လှုပ်ရှားကြတာမဟုတ်ဘဲ အင်္ဂလန်နိုင်ငံထဲဝင်ရောက်ပြီး အင်္ဂလိပ်ရဲ့ အကျိုးစီးပွားတွေ၊ အိုင်ယာလန်ကို နှိပ်ကွပ်ကြတဲ့ အရာရှိတွေကို ဖျက်ဆီး၊ သုတ်သင်ရတဲ့ လုပ်ငန်းဟူသမျှတွေကို အကြမ်းဖက်တဲ့နည်းနဲ့ ဆောင်ရွက်ကြရတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

ဘရက်ဒီဟာ ၁၇ နှစ်သားနဲ့ ဆင်ဖိန်းအဖွဲ့ဝင် ဖြစ်ခဲ့တယ်။ နောက် အိုင်–အာ–အေ သေနတ်သမားများ ဗိုလ်မှူး၊ ဗိုလ်ချုပ်အဖြစ် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ခဲ့တယ်။ သူတို့ အိုင်–အာ–အေ အဖွဲ့ဟာ လျှို့ဝှက်အဖွဲ့အစည်းဖြစ်တာနဲ့အညီ ကိုယ်ပိုင် သင်္ကေတ စာလုံးတွေရှိကြတယ်။ ဘရက်ဒီတို့ဟာ ရန်သူနယ်မြေအတွင်း လှုပ်ရှားကြရလို့ အင်မတန် စည်းကမ်းတင်းကြပ်ထားရတယ်။ ပိပိရိရိလည်း ဆောင်ရွက်နိုင်စွမ်းလည်း ရှိကြတယ်။ သတ္တိ၊ နယ်မြေကျွမ်းကျင်မှု၊ ပါးနပ်မှုလည်း ရှိဖို့လိုအပ်တယ်။

သူက အိုင်ယာလန်ပြည်တွင်း ဝင်ရောက်တော်လှန်ချင်တာပါ။ ဒါပေမဲ့ သူဟာ အင်္ဂလန်မှာ နယ်မြေကျွမ်းကျင်တော့ ခေါင်းဆောင်ကြီး အိုကွန်နားက အင်္ဂလန်မှာပဲ တာဝန်ထမ်းဆောင်စေပါတယ်။ သူက ကိုယ်ပိုင်ပြဋ္ဌာန်းရေးအသင်းမှာ အလုပ်လုပ်ကိုင်ပြီး အကြမ်းဖက်မှုတွေကို ဦးဆောင်ပါ

mgyoe.com

mgyoe.com



တယ်။ အင်္ဂလန်ကုန်တိုက်တွေကို မီးရှို့ကြတယ်။ အကြမ်းဖက်တာ၊ မဖက်တာ၊ တရားတာ၊ မတရား မစဉ်းစားနိုင်ဘူး။ သူတို့နိုင်ငံကို လာရောက်အုပ်ချုပ်နေတဲ့ အင်္ဂလိပ်ရဲ့ အကျိုးစီးပွားတွေကို ယုတ်လျော့ပျက်စီးအောင် ပြုလုပ်ကြဖို့ပါပဲ။ အဲဒီ လုပ်ကိုင်ခြင်းဟာ သူတို့အတွက် တရားတယ်၊ မှန်ကန်တယ်လို့ သတ်မှတ်လက်ခံထားကြတယ်။ သူတို့ ဆောင်ပုဒ်က နိုင်ငံလွတ်မြောက်ဖို့အတွက် ဘာမဆို လုပ်ကိုင်ပြီး အသက်စွန့်လွှတ်ဖို့ မဟုတ်ပါလား။

ဘရက်ဒီလည်း အချစ်နဲ့တွေ့ရှိတာပါပဲ။ ဒါပေမဲ့ သူ့ချစ်သူ အစ်ကိုက အိုင်ယာလန်မှာ အုပ်ချုပ်နေတဲ့ အရာရှိတစ်ဦး။ ဒီမှာ ဆွေမျိုးသားချင်းနဲ့ သစ္စာဖောက်မှုကိုလည်း ခွဲခြားထားရတယ်။ ဒါနဲ့ အချစ်ကို စွန့်လွှတ်ထားလိုက်ရတယ်။ ဘရက်ဒီဟာ ကြေးနန်းစာတ်တိုင်တွေလည်း ဖြိုလှဲဖျက်ဆီးနိုင်ခဲ့တယ်။ အိုင်ယာလန်တော်လှန်ရေးကို ရှုတ်ချပြစ်တင် ရေးသားတဲ့သတင်းစာတိုက်ကိုလည်း ဖျက်ဆီးဆုံးမခဲ့တယ်။ အိုင်ယာလန်ကို အုပ်ချုပ်ခဲ့တဲ့ အရာရှိတစ်ဦးကိုလည်း ကောင်းကောင်းဆုံးမနိုင်ခဲ့တယ်။

နောက်ဆုံးမှာ ဘရက်ဒီကို ဖမ်းမိသွားတယ်။ သက်သေအထောက်အထားလည်း မတွေ့ရဘူး။ သံသယမှုနဲ့ ဖမ်းဆီးတာ ဖြစ်ပါတယ်။ စုံထောက်တွေ စစ်ဆေးတာလည်း မပေါ်ပေါက်ပါဘူး။ ဒါပေမဲ့ သူ့ကို အိုင်ယာလန်ပြန်ပို့ပြီး ထောင်ချထားလိုက်တယ်။ ထောင်ထဲရောက်ရှိတော့လည်း သူတို့ဟာ ထောင်သားတွေရရှိမယ့် အခွင့်အရေးတွေကို ရရှိအောင် ဆောင်ရွက်ခဲ့တယ်။ နှစ်စေ့တော့ ထောင်က လွတ်

mgyoe.com

mgyoe.com



လာပါတယ်။

နောက်ဆက်တွဲကတော့ အိုင်–အာ–အေရဲ့ ဗုံးခွဲမှု သတင်းတွေကို ဖော်ပြထားတယ်။ အိုင်ယာလန်သမ္မတနိုင်ငံ ဖြစ်လာတော့ ဗုံးခွဲမှုတွေကို လက်မခံတော့ပါဘူး။ ဒါပေမဲ့ ဗုံးခွဲမှုတွေ ဆက်လက်ဖြစ်ပွားနေတယ်ဆိုတဲ့အကြောင်း ဖော်ပြ ထားတာ တွေ့ကြရတယ်။

❖

mgyoe.com

mgyoe.com

# မာတိကာ

- ရည်ညွှန်းချက် — က

အခန်း ၁

အိုင်းရစ် ထွက်ရပ် အရေးတော်ပုံ — ၁

အခန်း ၂

အိုင်–အာရ်–အေ တပ်ဖွဲ့ပုံ — ၇

အခန်း ၃

ငါ ဆင်ဖိန်းဝင်ခြင်း — ၁၁

အခန်း ၄

ကိုယ်ပိုင် ပြဌာန်းရေးအသင်း — ၁၅

အခန်း ၅

ငါ အိုင်–အာရ်–အေ ဝင်ခြင်း — ၂၁

အခန်း ၆

ကုန်တိုက် မီးရှို့မှုကြီး — ၂၉

အခန်း ၇

မျိုးချစ်နှင့် အချစ် — ၃၅

mgyoe.com

mgyoe.com

အခန်း ၈
မိုးမိးလောင်ခြင်း ၄၁
အခန်း ၉
အသားထဲက လောက်ထွက် ၄၈
အခန်း ၁၀
ငါ အိုင်–အာရ်–ဘီ ဝင်ခြင်း ၆၁
အခန်း ၁၁
ပြည်ဖျက်ရန် အကြံများ ၆၅
အခန်း ၁၂
သွေးထွက်သံယို သုတ်သင်မှု ၇၁
အခန်း ၁၃
ရန်ရန်ချင်း လက်တုံ့နှင်း ၈၂
အခန်း ၁၄
ပုလိပ် အိုင်–အာရ်–အေတိုက်ပွဲ ၉၃
အခန်း ၁၅
ငါ့ ဖမ်းမိခြင်း ၁၀၅
အခန်း ၁၆
ငါ ထောင်ချောက်ထဲကျခြင်း ၁၁၃
အခန်း ၁၇
စကော့တလန် ယ(ဒ်)တိုက်ပွဲ ၁၂၀
အခန်း ၁၈
အမှိုက်ကစ ပြာသာဒ်မီးလောင်ခြင်း ၁၂၉
အခန်း ၁၉
ထောင်ထဲ အာဏာဖီဆန်ခြင်း ၁၃၆

mgyoe.com

mgyoe.com

အခန်း ၂၀
ထောင်မှ ထွက်ပြေးကြခြင်းများ ၁၄၅
အခန်း ၂၁
အာဟာရ သပိတ် ၁၅၁
အခန်း ၂၂
ထောင်ထရန် ကြံစည်ခြင်း ၁၅၄
အခန်း ၂၃
ငါ့ ထွက်ရပ် ၁၅၇

- နောက်ဆက်တွဲ ၁၆၃

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ရည်ညွှန်းချက်

**ဗမာဆင်းရဲသား နင်းပြားစနမ့်များ "ထွက်ရပ်"အတွက်**
**လူထုအင်အား ရှေ့ဆောင်နေသော**
**တို့ဗမာ အစည်းအရုံးကြီးသို့**

"သူ့ရဲဘာသာ အသက်ကိုစွန့်မြဲ
သူ့ရဲဟူလျက် အသက်ကို ချစ်ဖွယ်မရှိ
အသက်ကို ချစ်သောသူလည်း
သူ့ရဲ မှုဖွယ်မရှိ"

အရှင်မဟာ သီလဝံသ

**ရှေ့တော်ပြေး**

ဤ အိုင်–အာရ်–အေ စာအုပ်မှာ "Ireland's Secret Service in England by Brady" အိုင်–အာရ်–အေထဲ ပါဝင်ခဲ့သူ "ဘရေဒီ" ရေး "အင်္ဂလန်ပြည် အိုင်ရစ်သူပုန် သူလျှိုအဖွဲ့" စာအုပ်မှ

mgyoe.com

mgyoe.com



ဆီလျော်အောင် ဘာသာပြန်ဆို၍ ၁၉၂၀ မှ ၁၉၂၂ ခုနှစ် အိုင်–အာရ်–အေဇာတ်ကို ဗဟုသုတအလို့ငှာ "ဘရေဒီ" မှုအတိုင်း အထုပ် ဖြေပြလိုက်ပါသည်။

မကြာခဏ သတင်းစာများထဲ၌ "လန်ဒန်တွင် ဗုံးပေါက်ကွဲမှု" စသည်ဖြင့် ပါလာချက်နှင့် စပ်လျဉ်းသော အိုင်–အာရ်–အေ အိုင်ရစ်သူပုန် လျှို့ဝှက်သင်းကြီး အကြမ်းဖက်မှုသည် စစ်မရောက်ခင် မြားကုန်ခြင်းကြောင့် အိုင်ယာလန်ပြည် လွတ်လပ်ရေးလုပ်ငန်း (လျော့ထွင်း နှစ်စေ၏)ဟု ဝေဖန်ကြ၏။

ငါတို့ခေတ်သည် မင်းလောင်းမျှော်သိုက် စာဖတ်စီးချင်းထိုးသောခေတ် မဟုတ်။ လူထုအင်အားဖြင့် ခနမဲ့ လွတ်လပ်ရေးတိုက်ယူသော "သခင်လည်းမင်း ကျွန်လည်းမင်း"ခေတ် ဖြစ်၏။ အလုပ်သမား သမ္မတနိုင်ငံ ထူထောင်သော ခေတ်ကြီး ဖြစ်၏။

အလောင်းဘုရားခေတ်၌ ဝါးရင်းတုတ်နှင့် တလိုင်း သုံးရပ်ကို အောင်မြင်ခဲ့သော်လည်း သေနတ်တစ်လက်၊ ဓားတစ်စင်းဖြင့် နယ်ချဲ့စနစ် ခနရှင်လောကအား မဖြိုဖျက်နိုင်ကြောင်းကို ကောင်းကောင်းကြီး သိရှိရပေမည်။

ကွယ်လွန်သူ ဆိုဗီယက်အာဏာရှင် လီနင်က ၁၉၁၄ ခုနှစ်၌ "အမျိုးသားကိုယ်ပိုင်ပြဌာန်းမှု အခွင့်အရေးများ" ခေါင်းတပ်သော ဆောင်းပါး၌ အိုင်ရစ်အရေးတော်ပုံပြဿနာ ဓာတ်ခွဲဝေဖန်ရာတွင် "အင်္ဂလိပ် အလုပ်သမားများ အကူအညီဖြင့် အိုင်ယာလန်တစ်ပြည်လုံးရှိ ဆင်းရဲသား ခနမဲ့ လူထုအင်အားသည် ဖိစီးနေသော ခနရှင်နယ်ချဲ့စနစ်ကို အမြစ်မှ တော်လှန်ပြောင်းလွဲပစ်ရာ၌ အိုင်ရစ်ထွက်ရပ်တည်၏..." ဟု ရေးသားထားခဲ့လေ၏။

လီနင်အဖို့မှာ အင်နားကစ်အစိုးရ အုပ်ချုပ်ရေးအယူ မရှိ

mgyoe.com

mgyoe.com



တရား၊ တယ်ရယ်ရစ် သွေးထွက်သံယိုမှုလုပ်ငန်း၊ နဟီလစ်ဝါဒ၊ ဘာသာအယူမရှိ စသော တစ်ဖက်သတ်ပုဂ္ဂလ၊ ဓိဋ္ဌာန်တရားများသည် ဆိုရှယ်လစ် ကွန်မြူနစ် ဘုံတရားနှင့် ဖီလာ၍ လူထုဆင်းရဲသားများအား ကောင်းမှုမပေးကြောင်း ရှင်းလင်းပြတ်သားစွာ ရေးသားခဲ့သေး၏။

ကုလား ဆိုရှယ်လစ် ကွန်ဂရက် ခေါင်းဆောင်ကြီး နေရူး ၁၉၃၇ ခုနှစ် မြန်မာပြည်သို့ မိတ်ဆက်လာစဉ်က "လွတ်လပ်ရေးတိုက်ပွဲတွင် တယ်ရယ်ရစ် သွေးထွက်သံယို တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း အကြမ်းဖက်မှု လိုအပ်ပါသလော..."ဟု တို့ဗမာအစည်းအရုံးတွင် မေးခွန်းထုတ်သောအခါ နေရူးကြီးက "သွေးထွက်သံယိုမှုများသည် လွတ်လပ်ရေးလုပ်ငန်းတွင် အရာမရောက်သော ကိစ္စဖြစ်၍ ကိုယ်ပိုင်ဉာဏ်မရှိသော အညွန့်တုံးတို့၏ ဆင်ကန်းတောတိုး လုပ်မိချက်များ"ဟူ၍လည်း ဖြေရှင်းခဲ့ဖူး၏။

အင်္ဂလိပ် ကွန်မြူနစ်များက "လက်လုပ်လက်စား"၊ "ဒေလီဝေါက်ကား" သတင်းစာ၌ "အိုင်–အာရ်–အေသည် နာဇီအဆက်" ဟူ၍ စွဲချက်တင်ကြ၏။

ဤစာအုပ်ရေးသားရာ၌ ခေတ်ပေါ်ပင် အသုံးအနှုန်းများဖြစ်သော...

"ထွက်ရပ်"
"အရေးတော်ပုံ"
"လက်ရုံးတပ်"
"အစည်းအရုံး"
"ညီလာခံ"
"အတွင်းရေးမှူး"

mgyoe.com

mgyoe.com



"ငါတို့"

"ဗမာ"

"ရဲဘော်"

စသော ဝေါဟာရ စကားလုံးများ ထည့်သွင်းသုံးနှုန်းလိုက်ပါကြောင်း။

အောင်သိမ်း (မြဒေါင်းညို)

၂၄-၁-၄၀

❖

mgyoe.com

mgyoe.com

## အခန်း ၁
## အိုင်ရစ် ထွက်ရပ် အရေးတော်ပုံ

ဗြိတိသျှနှင့် အိုင်ရစ်တို့ ဆက်ဆံရေးများတွင် ၁၉၃၆ ခုနှစ် အိုင်ရစ် သူပုန်ကြီးသည် ရာဇဝင်တွင်သွားသော ထွက်ရပ်မဟာ အရေးေ ဘ်ပုံ တစ်ရပ် ဖြစ်၏။

ကမ္ဘာမီးလောင်စေသော ၁၉၁၄–၁၈ ခုနှစ် ဥရောပစစ်ကြီးသာ မဖြစ်ပွားပါက အိုင်ယာလန်ပြည် ဒပ်ဗလင်မြို့တော်၌ ၁၉၁၆ ခုနှစ်မှ စတင်၍ ထကြွသောင်းကျန်းမှုများက အင်္ဂလိပ်တစ်ကျွန်းလုံးနှင့် ဗြိတိသျှ အင်ပါယာတစ်ခုလုံးကို တုန်လှုပ်ချောက်ချားသွားစေလိမ့်မည်။

အိုင်ရစ် ထွက်ရပ် အရေးတော်ပုံသည် အိုင်ရစ်လူမျိုး တစ်မျိုးလုံး ကို ဖမ်းဆီးညှဉ်းဆဲ ချုပ်နှောင်ထားသော တန်ခိုးအာဏာများ၊ အင်္ဂလိပ် လက်မှ မရမက ပြန်လည် ရရှိရန် နောက်ဆုံးကြိုးပမ်းမှု ဖြစ်ခဲ့၏။

ယနေ့တိုင် အိုင်ရစ် ထွက်ရပ် ကြိုးပမ်းမှုသည် အနှစ် ၇၀၀ ခရီးခန့် ကြာ၏။ ဒီရေကဲ့သို့ အတက်အကျများ တွေ့ခဲ့ရ၏။ ဘတစ်ပြန် ကျား တစ်ပြန် ဆိုသကဲ့သို့ အင်္ဂလိပ်နှင့် အိုင်ရစ်တို့မှာ အားချင်းပြိုင်နေသည်သာ

mgyoe.com

mgyoe.com


များ၏။ တစ်ခါတစ်ရံ သွေးထွက်သံယိုမှုဖြင့် ထွက်ရပ်ကြိုးပမ်း၏။ တစ်ခါတစ်ရံ ဥပဒေနည်းလမ်းစည်းကမ်းများဖြင့် အရေးဆို၏။ အိုင်ယာလန်ပြည် အင်္ဂလိပ်လက်အောက် ရောက်ရှိသည်မှာ အနှစ် ၇၀၀ ကြာတောင် ကြာပြီ။ လွတ်လပ်ရေးစစ်စစ် မရသေး။ [ဒိုမီနီယံဆတေးတတ်(သ်)] ခေါ် လက်အောက်တစ်ဆင့်ခံ အပေါ်ယံရွှေမှုန်ကြဲ အထဲနောက်ချေးခံ အုပ်ချုပ်ရေးကလေးသာ ရသေး၏။ လွတ်လပ်ရေးမရသေးသမျှ အရေးတော်ပုံ ပြီးငြိမ်းမည် မဟုတ်ချေ။ "သေသော်မှတည့်ဖြော်... ကောင်း၏" ဟု စိတ်မထား။ "သေသေကျေကျေ၊ အရိုးစုတ်စုတ်၊ အရေခန်းခန်း တိုက်မည်"ဟု အိုင်ရစ် မျိုးချစ်သူပုန် သမ္ဗတဂိုဏ်းသားများက တထစ်ချ ဆုံးဖြတ်ထားကြလေ၏။

သို့ကြောင့် အိုင်ရစ် လွတ်လပ်ရေး ကြိုးပမ်းမှုသည် ဆင်ဖိန်းအရေးတော်ပုံ၌ တည်၏။ (ဆင်ဖိန်းဆိုသည်မှာ "ငါတို့" သို့မဟုတ် "တို့တစ်တွေ"ဟု အဓိပ္ပာယ်ရ၏။ "တို့...အိုင်ရစ်"ဟုလည်း ခေါ်ဆိုနိုင်၏။ တို့ဗမာ အစည်းအရုံးသည် "ဆင်ဖိန်း"ဝါဒ မှီး၍ ပေါ်သည် ဆိုကြ၏။ ဆင်ဖိန်းဂိုဏ်း၏ အခြေခံ သဘောတရားမှာ အိုင်ယာလန်ပြည်ကို အိုင်ရစ်တို့ ကယ်ဆယ်ရမည်။ အိုင်ယာလန်ပြည်သည် အိုင်ရစ်ဖို့၊ အိုင်ယာလန်သည် အိုင်ရစ်အတွက် "တို့ပြည်၊ တို့မြေ၊ တို့အိမ်၊ တို့ယာ" ဖြစ်သည်)။

ဆင်ဖိန်းသည်သာလျှင် အိုင်ရစ်တို့အား အင်္ဂလိပ်ထမ်းပိုးကို တော်လှန်ကာ ထွက်ရပ်ပြုမည့် အစည်းအရုံး ဖြစ်ခဲ့၏။ ဆင်ဖိန်းဂိုဏ်းကို အာသာဂရိဖစ်(သ်)ဆိုသူ အိုင်ရစ် အာဇာနည်ကြီး ဖန်ဆင်း တည်ထောင်လေသည်။ ရှေးဟောင်း ပါတီအို၊ ဂိုဏ်းဆွေးများ လက်လျှော့သွားရသလောက် ဆင်ဖိန်းဂိုဏ်းအားတက်၏။

ဆင်ဖိန်းအရေးတော်ပုံသည် ၁၉၀၂ ခုနှစ်လောက်က စတင်ပေါ်

mgyoe.com

mgyoe.com


ပေါက်လာ၏။ ၁၇၈၂ ခုနှစ် အုပ်ချုပ်ရေးသစ်ကို "ဖော်"၍ အသစ်ထူထောင်ရန် အကြံရှိ၏။ ၁၇၈၂ ခုနှစ် အုပ်ချုပ်ရေးအရဆိုလျှင် အိုင်ယာလန်ပြည်သည် ကိုယ့်မင်းကိုယ်ချင်းပြည် ဖြစ်၏။ ကိုယ်ပိုင် ပြည်သူ့လွှတ်တော် ရှိ၏။ ထိုလွှတ်တော်သည် ဗြိတိသျှမင်းအား အင်္ဂလန်ပြည်ဘုရင်အဖြစ်ဖြင့် မဟုတ်၊ အိုင်ယာလန်ပြည် ဘုရင်အဖြစ်ဖြင့် ကျေးဇူးသစ္စာတော် စောင့်ထိန်းလေသည်။

ဆင်ဖိန်းဂိုဏ်း စတင်သူ၊ အာသာဂရိဖစ်(သ်)သည် [ဒေ(စ်)] နှင့် [လူဆွ(သ်)] စသော ဥရောပတိုက် ဟန်ဂေရီပြည် ထွက်ရပ်ခေါင်းဆောင်ကြီးများ ဝါဒစည်းမျဉ်းကို လိုက်၍ ဆင်ဖိန်းဝါဒကို ဖန်တီးလေသည်။

ဆင်ဖိန်း ဝါဒကို ဟန်ဂေရီပြည် ထွက်ရပ်လုပ်ကြံမှု အိုင်ယာလန်ပြည်၏ "စံနမူနာ"ခေါ် တိုင်းကျော်စာတမ်းဖြင့် ဂရိဖစ်(သ်)က ထုတ်ဖော်ဖြန့်ချိခဲ့လေသည်။ ကနဦးအစ၌ ဆင်ဖိန်း ဝါဒမှာ ပွဲမတိုး၊ နှစ်ပရိစ္ဆေဒ ဟူ၍ အချိန်ကလေး အတော်ကြာမှ အိုင်ရစ်လူမျိုး အသည်းနှ၌ သံမှိုစွဲသကဲ့သို့ တည်ရှိလေ၏။ ဆင်ဖိန်း ဝါဒသည် သမာသမတ်ဖြစ်လွန်း၊ နှေးကွေးလွန်း၊ အနုလွန်းမှု၊ အမွှမ်းတင်လွန်း အရှုးအနှမ်း စိတ်ကူးယဉ်ဝါဒ ဆန်လွန်းသည်ဆိုကာ ဗြုန်းဗြုန်းဒိုင်းဒိုင်းနှင့် ရုတ်တရက် ပရိသတ်ခံတွင်း မတွေ့ချေ။ ဗြိတိသျှ ပါလီမန်လွှတ်တော်ကို အိုင်ရစ်အမတ်ကိုယ်စားလှယ် မစေလွှတ်ဘဲ သပိတ်မှောက်မှု၊ အိုင်ယာလန်ပြည်၌ ဗြိတိသျှ အစိုးရ အခြေမတည်တံ့အောင် ပြုလုပ်မှုများပါသော ဆင်ဖိန်းဝါဒသည် ထောက်ခံချက် ပေးဖွယ်ရာမကောင်းသော လေဖမ်း ဒန်းစီးမှုဖြစ်သည်ဟု ယူဆခံရသေးသည်။ ပေါ်တော်မူ ဝါဒသစ်သည် "အနှစ်မကျ" သေးသမျှ ကမ္ဘာ့ဝါဒကြီးများ အစဉ်အလာအတိုင်း အတက်နှေး၏။ ဆင်ဖိန်းအရေးတော်ပုံ "တန့်"သွားဖူး၏။ လက်ရုံးအားကိုး၊ သွေးထွက်သံယိုမှု၊ အကြမ်းဖက်မှုများသည် အရေးတော်ပုံ၏ အညာဖြစ်

mgyoe.com

mgyoe.com


အောင် စတင်ဆောင်ရွက်သော သမ္မတ သူပုန်ဂိုဏ်းသားများ အရေးတော်ပုံ အုပ်စီးမိမှ ဆင်ဖိန်းဂိုဏ်းဝါဒနှင့် အရေးတော်ပုံကို လူကြိုက်များ၍ လူကြည်ညိုလာလေ၏။ လူငါးယောက်တစ်ပိုင်းနှင့် သဲသောင်ပြင်ပေါ် တိုက်တည်သော ဘဝမှ ကျောက်မြေပေါ် သံမဏိဖြင့် သွန်းလုပ်သော ရဲတိုက်ကြီး အခြေသို့ ဆိုက်ရောက်သွားလေ၏။

၁၉၁၈ ခုနှစ် အိုင်ယာလန်ပြည် မဲဆန္ဒရွေးကောက်ပွဲကြီး၌ လုံးဝ သမ္မတနိုင်ငံ တစ်စင်ခွဲထူထောင်ရေးအစီအစဉ် ဆွဲပြသော ဆင်ဖိန်းဂိုဏ်းသည် အရေးသာ၍ ကိုယ်စားလှယ်နေရာ မြောက်မြားစွာ ရရှိလေ၏။ ကိုယ့်မင်းကိုယ့်ချင်း ဆန္ဒပြည့်ဝစွာ ပြနိုင်သဖြင့် အောင်မြေနင်းပွဲ ခံခဲ့၏။ သမ္မတနိုင်ငံနှင့် အနည်းငယ် သဏ္ဍာန်တူသော လက်အောက်ခံ အုပ်ချုပ်ရေး အမျိုးအစားကို ထူထောင်ဖြစ်လေ၏။ ဤကိစ္စကြောင့် မစ္စတာ ပွန်ရက်(ဒ်) မွန်၊ အင်္ဂလိပ်နှင့် ပူးပေါင်းလိုသူ အုပ်စီးခဲ့သော ၁၉၁၃ နှစ်တွင် ဘည်ထောင်သော အပျော်တမ်းတပ်ကြီးမှာ နှစ်ခြမ်းကွဲသွားလေ၏။ တစ်ခြမ်းက အင်္ဂလိပ်နှင့် လုံးဝခွဲ၍ တစ်စင်ထူမှုကို လိုလား၏။ ကျန်တစ်ခြမ်းကား အင်္ဂလိပ်နှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုလား၏။ (အင်္ဂလိပ်နှင့်ပူးပေါင်း၍ ဗြိတိသျှအင်ပါယာမှ ခွဲမထွက်ဘဲ လက်ရှိအိုင်ရစ် အစိုးရ ဒီဗလဲယား အုပ်ချုပ်ရေးသည် ဤကျန်အခြမ်း လုံးပန်းချက်ဖြစ်သည် ဆိုကြ၏)။ ခွဲခွာရေးဘက်မှ အိုင်– အာရ်–အေ (အိုင်ရစ် သမ္မတ စစ်တပ် သို့မဟုတ် လွတ်လပ်ရေး တပ်မတော်) ခရိုင်အချုပ်အခြာ ပေါ်လာလေ၏။

ထိုနောက်တစ်ဖန် တတိယမြောက် ဂိုဏ်းအသစ်တစ်ခု ပေါ်နေ၏။ ထိုဂိုဏ်းမှာ အိုင်–အာရ်–ဘီ (အိုင်ရစ်သမ္မတ သွေးသောက်စု) ဖြစ်၏။ အိုင်–အာရ်–ဘီသည် တစ်ကမ္ဘာလုံး ပျံ့နှံ့လျက်ရှိသော လျှို့ဝှက် သောအသင်း ဖြစ်၏။ နှစ်များမကြာမီက ချက်စတာရဲတိုက် အတင်း

mgyoe.com

mgyoe.com


တိုက်သိမ်းရန် ကြံစည်သော အင်္ဂလန်ပြည် တုန်လှုပ်ချောက်ချားစေသည့် ဖင်နီယံ သွေးသောက်စု သူရဲသူခက်များမှ အိုင်–အာရ်–ဘီ မွေးဖွားခဲ့၏။ အိုင်–အာရ်–ဘီ၏ အမြွာညီနောင်မှာ ကလင်နဂဲ(လ်)အသင်း ဖြစ်၏။ အမေရိကန်ပြည်ထောင်စု၌ ထွန်းကားသော အိုင်ရစ်အသင်း ဖြစ်၏။ အမေရိကန် အစိုးရဌာန၊ စစ်ဘက်ဌာန စသည်တို့၌ ထိုအသင်းသား တချို့မှာ အရာရှိကြီးများ ဖြစ်ကြ၏။

ဤအထက်ပါ ဆင်ဖိန်းသမ္မတဂိုဏ်း၏ လျှို့ဝှက်သော လက်ရုံး တပ်ခေါ်သော အိုင်–အာရ်–အေ၊ အိုင်–အာရ်–ဘီ ကလင်နဂဲ(လ်) စသည်တို့မှာ အမျိုးသားအင်အားကြီးများ ဖြစ်ကြ၏။ အိုင်ရစ်လွတ်လပ် ရေး ကြိုးပမ်းမှုအတွက် "တစ်စင်တရေး"တည်းပင် ထူထောင်ပူးပေါင်း ကာ ဆောင်ရွက်ကြ၏။ သို့လင့်ကစား ကမ္ဘာစစ်ကြီးပြီးခါစ၌ အိုင်–အာရ်–ဘီသည် ဤအမျိုးသား အင်အားကြီးများ၏ "ချက်မကြီး" ဖြစ်ခဲ့ ၏။

အိုင်ယာလန်ပြည်၌ နိုင်ငံရေးကိစ္စ အရေးကြီးသလောက် အိုင် ယာလန် ပြည်ပ၊ အင်္ဂလန်ပြည်ရှိ အိုင်ရစ်အကျိုးသည်ပိုးသော ရပ်ကွက် များသည် "နေပြည်"မှာ မအေးသလောက် ဆူပူနေကြ၏။ ပြည်တွင်းရေး လှိုင်းမိသဖြင့် ထထကြွကြွ လှုပ်လှုပ်ရှရှ ရှိကြ၏။ အင်္ဂလန်ပြည်၌ အိုင်ရစ်ထွက်ရပ် အရေးတော်ပုံမှာ တဖွားဖွား၊ တဖွေးဖွေး လမ်းကြောင်း ဖြူးလျက် တက်နေလေ၏။ ထိုအခါ အင်္ဂလန်ပြည်၌ စခန်းသွားနေသော ဆင်ဖိန်းအရေးတော်ပုံအား ဒပ်ဗလင်မြို့ ဆင်ဖိန်းဌာနချုပ်မှ ကြိုးဆွဲ၏။ အင်္ဂလန် ဆင်ဖိန်းအရေးတော်ပုံသည် (အိုင်ယာလန်) အင်္ဂလိပ်လက် အောက်မှ လုံးဝ တစ်စင်ထူထောင်မှုကို လိုလား၏။ အိုင်ရစ်လူများစုက မဲဖြင့် ဆန္ဒပြခြင်းကြောင့် မဟုတ်။ ချိကတည်းက ပန္နက်သဲရိုက်ခဲ့သော "ပေါ်လစီဝါဒ"ကြောင့် ခွဲခွာရေး လိုလား၏။

mgyoe.com

mgyoe.com


ဆင်ဖိန်းဂိုဏ်းသို့ လူတိုင်း လွယ်လင့်တကူနှင့် ဝင်နိုင်သည်။ ထို့ကြောင့် ဆင်ဖိန်းဂိုဏ်း ဖွဲ့စည်းမှုသည် ပေါက်လွတ်ပဲစားနိုင်လွန်းသည်ဟု ဆိုကြ၏။ ထိုဆိုချက်မှာ လုံးဝမမှန်။ ထုံးစံအတိုင်း ပုံစံလျှောက်လွှာလက်မှတ်ရေးထိုး လျှောက်ခြင်းများကို စစ်ဆေးသည့်အပြင် ဂိုဏ်းဝင်သူ၏ မူလဇာစ်မြစ်ကို လိုက်လံစုံထောက်၍ သေချာပြီဟု ယုံကြည်လောက်ပြီဆိုမှ ဂိုဏ်းသားအဖြစ်ဖြင့် စာရင်းမှတ် ပုံသွင်း၏။ စာရင်းသွင်းခံရစဉ်လည်း "အိုင်ယာလန်ပြည် ဆင်ဖိန်းဂိုဏ်းက ထူထောင်သော အိုင်ရစ် သမ္မတနိုင်ငံကို စိတ်ရောကိုယ်ပါ စွမ်းဆောင်နိုင်သလောက် ထောက်ခံကူညီပါမည်။ ထိုသမ္မတနိုင်ငံကို ကမ္ဘာက အသိအမှတ်ပြုရန် ကြိုးစားပါမည်"ဟု ဂိုဏ်းဝင်သူက သစ္စာပြုရ၏။

❖

mgyoe.com

mgyoe.com

## အခန်း ၂
## အိုင်-အာရ်-အေ တပ်ဖွဲ့ပုံ

ဆင်ဖိန်းသေနတ်သမားများ၊ လက်သုံးတော်များဟူ၍ နာမည်တွင်သော အိုင်–အာရ်–အေသည် လျှို့ဝှက်သော လက်ရုံးတပ်ဖြစ်၏။ စစ်တပ်ကြီးကဲ့သို့ ဖွဲ့စည်းထား၏။ အိုင်ယာလန်ပြည်တွင်သာမက အင်္ဂလန်၌လည်း တပ်သားများ ပျံ့လျက်ရှိ၏။ အင်္ဂလန်၌ လန်ဒန်မြို့၊ လီဗာပူးမြို့၊ မန်ချက်စတာမြို့၊ ဂလက်စကို (စကော့တလန်)ပြည်နှင့် နယူးကာဆဲ(လ်) အွန်တိုင်းမြို့များ၌ အိုင်–အာရ်–အေ ဌာန ခွဲများ တည်ရှိ၏။ အိုင်ယာလန်ပြည်အပ၌ လီဗာပူးမြို့သည် အင်္ဂလန်ပြည် အိုင်–အာရ်–အေ ဌာနချုပ်ဖြစ်၏။ အင်္ဂလန် အိုင်–အာရ်–အေ တပ်များသို့ ဝင်ခွင့်မလွယ်ကူ။ အိုင်ယာလန်ပြည်မှ လာသူများကို အိုင်–အာရ်–အေ တပ်များက သေချာစွာ စုံစမ်းကြ၏။ အိုင်ယာလန်ပြည်မှ တမင်တကာ လာ၍ အင်္ဂလန်ပြည်ရှိ အိုင်–အာရ်–အေ တပ်များဝင်သူ ရှားမှရှား၏။ မကြာခဏပင်လျှင် ပုလိပ်သတင်းပေးသူများသည် အိုင်ယာလန်ပြည်မှ အင်္ဂလန်ပြည်ဘက်သို့ ကူးလာတတ်၏။

mgyoe.com

mgyoe.com


အိုင်–အာရ်–အေ ဌာနခွဲများဖြစ်သော ဂလက်စကိုမြို့နှင့် မန်ချက်စတာမြို့များ၌ အိုင်–အာရ်–အေ တပ်သားများကို စုံထောက်လိုက်ဖူး၏။ အိုင်–အာရ်–အေ အတွင်းရေးတချို့ ပေါက်ကြားဖူး၏။ အိုင်–အာရ်–အေ ဌာနချုပ်သူများ ပေါ့လျော့မှုကြောင့်ဖြစ်၏ဟု စွပ်စွဲကြ၏။

လီဗာပူးမြို့ အိုင်–အာရ်–အေ တပ်ဌာနက ပလပ်လိုက်သော မာဖီဆိုသူအား မန်ချက်စတာမြို့ အိုင်–အာရ်–အေဌာနက လွယ်လွယ်နှင့် လက်သင့်ခံ၍ တပ်ထဲသွင်းလေ၏။ မာဖီမှာ အင်္ဂလိပ်စုံထောက် ဖြစ်၏။ သူ့လူကိုယ့်ဘက်ထဲ ရောက်နေ၏။ မာဖီ အိုင်–အာရ်–အေ တပ်သားဖြစ်မှုကြောင့် ပုလိပ်များက အိုင်ရစ်ကလပ်ကို ဝိုင်းဖမ်းကြ၏။ ဖမ်းဆီးရာတွင် စုံထောက်နှစ်ယောက် ဒဏ်ရာရ၏။ မော်ရန်ခေါ် အိုင်ရစ်ကလေးအသတ်ခံရ၏။ မန်ချက်စတာမြို့ပေါ် အဆောက်အအုံကြီးများကို မီးရှို့မှု၊ ဖျက်ဆီးမှုနှင့် ပတ်သက်၍ ၎င်းမြို့နေ အိုင်ရစ်လူမျိုး ၂၁ ယောက် ဖမ်းဆီးအပြစ်ပေးလိုက်လေ၏။ ရုံးတော်၌ မာဖီမှာ အစိုးရသက်သေကြီး ဖြစ်နေ၏။ အဆောက်အအုံကြီးများ မီးရှို့မှုကို အင်္ဂလန်တစ်ဝန်းလုံး မြို့ကြီးများ၌ တစ်ချိန်တည်း ပြုလုပ်ရန် အစီအစဉ်ကို အကြောင်းမညီညွတ်၍ ပြုလုပ်ခါနီးဆဲဆဲတွင် အစီအစဉ် ဖျက်ပစ်လိုက်ရလေ၏။

ထိုနောက် အိုင်–အာရ်–အေကို အယုံသွင်း၍ သစ္စာဖောက်မှု တစ်ရပ်မှာ ဆိုးမားဆိုသူသည် အိုင်–အာရ်–အေထဲဝင်၍ သစ္စာဖောက်၏။ ခရီးမရှည်။ လန်ဒန်မြို့ ဂေါ့(ဖ်)ကွင်းကြီးထဲ၌ ဆိုးမားအား အိုင်–အာရ်–အေတပ်က အဆုံးစီရင်လိုက်၏။ အလောင်းကောင်၌ "သူလျှိုနှင့် သစ္စာဖောက်သူများ သတိပြု အိုင်–အာရ်–အေ"ဟု စာဆွဲထားပစ်ခဲ့၏။ ဆိုးမားသည် ဒပ်ဗလင်မြို့ အိုင်–အာရ်–အေ တပ်သား ဖြစ်၏။ ပုလိပ်ဖမ်းခံရသောအခါ သစ္စာဖောက်လေရာ အိုင်–အာရ်–အေ တပ်သားတချို့နှင့် သိုလှောင်ထားသော ခဲယမ်းမီးကျောက် မြောက်မြားစွာ ဖမ်းမိလေ၏။

mgyoe.com

mgyoe.com


ဆိုးမားဖော်ချက်ကြောင့် အိုင်–အာရ်–အေ သူလျှိုအဖွဲ့ကို အားပေးသော (အင်္ဂလိပ်) ပုလိပ်ကြပ်အား ဖမ်းမိလေ၏။ ပုလိပ်များ စီစဉ်ချက်အရ ဆိုးမားသည် ဒပ်ဗလင်ထောင်မှ ထွက်ပြေးကာ မိမိကိုယ်မိမိ ပွဲတိုးဖူးသည့် အိုင်–အာရ်–အေ တပ်သားကြီးဟူ၍ ဂုဏ်ဖော်ကာ အင်္ဂလန်ပြည်ဘက်ရှိ အိုင်–အာရ်–အေတပ်များထဲ ဝင်ရန် ကြံစည်လေ၏။ ၎င်းအကူအညီနှင့် အင်္ဂလန်ပြည်ရှိ အိုင်–အာရ်–အေသူလျှိုအဖွဲ့ လုပ်ကြံချက်တို့အရ အကြံ မအောင်မြင်ဘဲ အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း လန်ဒန်မြို့၌ ဆိုးမားသည် သေမင်းနှင့် ရင်ဆိုင်တွေ့သွားရလေ၏။

အိုင်–အာရ်–အေမှာ လျှို့ဝှက်စွာ အလုပ်လုပ်၏။ လျှို့ဝှက်လွန်းသဖြင့် ဆင်ဖိန်း အိုင်ရစ် ထွက်ရပ် အရေးတော်ပုံထဲ ပါဝင်သော အိုင်ရစ် ခေါင်းဆောင်ကြီးများပင်လျှင် အိုင်–အာရ်–အေ တပ်သားများ တွေ့ဆုံရာ ဌာနနှင့် "နောက် ဘာလုပ်ဦးမလဲ"ဆိုသည်များကိုပင် မသိကြချေ။ အိုင်–အာရ်–အေ ဌာနများကို အိုင်–အာရ်–အေ အုပ်ချုပ်သူများသာ သိရှိ၏။ အိုင်–အာရ်–အေသည် အိုင်ရစ်ထွက်ရပ် အရေးတော်ပုံ၌ ကိုယ့်မင်းကိုယ့်ချင်းစည်းမျဉ်းနှင့် ပါဝင်အမှုထမ်းသော တစ်စိတ်တစ်ဒေသ လက်ရုံးရည်အစည်းအရုံး ဖြစ်၏။ အိုင်–အာရ်–အေသည် ပကတိစစ်တပ် ဖွဲ့စည်းခြင်းမျိုးဖြင့် ဖွဲ့စည်းထား၏။ အိုင်–အာရ်–အေတပ်၌ သူလျှို အထောက်အဖွဲ့ ရှိ၏။ ၎င်းမှာ လူနည်း၏။ "အတွင်း လူယုံပိုင်း"သာ ပါဝင်၏။ ထို"အတွင်းလူ"နည်းစုက အိုင်–အာရ်–အေတပ် စခန်းသွားနိုင်ရန် အောက်ခြေသိမ်း စီစဉ်ပေး၏။ အစီအစဉ် ဆွဲပေး၏။ တကယ့် နဖူးတွေ့၊ ဒူးတွေ့ အလုပ်များ၌ ရှေ့ဆောင်ကြ၏။ (အိုင်ယာလန်နှင့် အင်္ဂလန်ရှိ) အိုင်–အာရ်–အေ သူလျှိုဌာနကို အိုင်ရစ် ကိုယ့်မင်းကိုယ့်ချင်း စစ်တပ်ဗိုလ်ချုပ်ကြီး ၁၉၂၂ ခုနှစ် ကွယ်လွန်သော မိုက်ကယ်ကောလင်းက ဒပ်ဗလင်မြို့တော်မှနေ၍ ကြိုးဆွဲ၏။

mgyoe.com

mgyoe.com


အိုင်–အာရ်–အေ "အတွင်းလူပိုင်း"မှ တစ်ဖန် လက်တစ်ဆုပ်စာလောက် "လက်ရွေးစင်" ဗိုလ်မှူးများ ရွေးချယ်ကာ အကြမ်းဆုံး၊ အရမ်းဆုံး၊ အရေးအကြီးဆုံး အမှုများ ဆောင်ရွက်ရန် တာဝန်လွှဲအပ်ထား၏။ "လက်ရွေးစင်"များမှာ ခြောက်ပြစ်ကင်းများဖြစ်၍ အိုင်–အာရ်–အေ၏ လူယုံတော်ကြီးများ ဖြစ်ကြ၏။ "လက်ရွေးစင်" ရဲ့ရည်ဘက်များ လုပ်ငန်းများမှာ ဗြိတိသျှသူလျှိုလုပ်ငန်းကို လက်တုံ့ပြန် "တန်ပြန်"သဘောဖြင့် ထောက်လှမ်းကာ လက်စားချေရ၏။ အိုင်ရစ်အရေးတော်ပုံတွင် စကားများပြောကာ သတင်းဖြန့်နေသူများဟု ထင်ခံရသူများကို စုံထောက်ရန် ဖယ်ရှားထုတ်ပစ်ရန် သစ္စာဖောက်သူများကိုလည်း သုတ်သင်ရန် ဝတ္တရားများလည်း ရှိ၏။ အိုင်–အာရ်–အေ သူလျှိုလက်ရွေးစင်များမှာ အိုင်ယာလန်တစ်ပြည်လုံးတွင် "ပျံလွှားတပ်" ဒပ်ဗလင်နှင့် ဘယ်(လ်)ဖတ်မြို့များ၌ ပွဲဝင်လက်တွေ့ အလုပ်အဖွဲ့"ဟူ၍ အလုပ်များ ကန့်သတ်ခန့်အပ်ခြင်း ခံရလေ၏။

❖

mgyoe.com

mgyoe.com

## အခန်း ၃
## ငါ ဆင်ဖိန်းဝင်ခြင်း

၁၉၁၉ ခုနှစ် လီဗာပူးမြို့ပေါ် အင်္ဂလန်နှင့် အိုင်ယာလန်ပြည်ထောင်များတွင်ရှိ အိုင်ရစ်နိုင်ငံရေး အကျဉ်းသမားများ လွှတ်ပစ်ရေး အတွက် လှုံ့ဆော်သော အစည်းအဝေးပွဲတစ်ခုမှ ငါ အိမ်ပြန်လာစဉ် လမ်း၌ မိတ်ဆွေတစ်ဦးနှင့် တွေ့လေ၏။ ငါ့မိတ်ဆွေမှာ လီဗာပူးမြို့ ဆင်ခြေဖုံးရပ်ရှိ ဆင်ဖိန်းကလပ် အတွင်းရေးမှူးဖြစ်ကြောင်း သိရှိရလေ၏။ (၁၉၂၂ ခုနှစ် အိုင်ယာလန်ပြည် အုပ်ချုပ်ရေးသစ်ရ၍ သမ္မတဂိုဏ်းသားများနှင့် ကိုယ့်မင်းကိုယ့်ချင်း တပ်သားများ တိုက်ခိုက်မှု၌ ငါ့မိတ်ဆွေ ကျဆုံးသွားလေသည်) ငါတို့ နှစ်ဦးမှာ ထွေရာလေးပါးစကား ရှည်နေကြ၏။ စကားကြောမှာ အိုင်ရစ်ထွက်ရပ် အရေးတော်ပုံ အကောင်းအဆိုး အဖြစ်အပျက်များ အကြောင်းဖြစ်၏။ ငါ့မိတ်ဆွေ တောင်းပန်ချက်အရ သူ၏ ဆင်ဖိန်းကလပ်ဝင်ရန် သဘောတူလိုက်လေ၏။ ဤဆုံးဖြတ်ချက်သည် ငါ့အား ဘဝကူးစေ၏။ တစ်သက်တွင် တစ်ခါကြုံသော စိတ်ကြွဖွယ်ရာ ဇာတ်ကွက်များကို ဝင်ရောက် ကပြရ

mgyoe.com

mgyoe.com


လေသည်။

ငါ့မှာ များမကြာမီ ဆင်ဖိန်းကလပ်အသင်းသား ဖြစ်သွား၏။ အသင်းအစည်းအဝေးသို့ တက်ရောက်ခွင့်ပြု၏။ လိဗာပူးမြို့၏ မနစ်မြို့ ဖွယ်ကောင်းသော ရပ်ကွက်တစ်ကွက် အိမ်စုတ်တစ်ခုအတွင်းရှိ မှောင်လှသော အခန်းထဲတွင် အသင်းစည်းဝေး ဖြစ်၏။ သေးသိမ်မည်းမှောင်သော အခန်းထဲ၌ စည်းဝေးလင့်ကစား အစည်းအဝေးမှာ လျှို့ဝှက်သော အစည်းအဝေး ဖြစ်၏။ အိမ်ရှင်များကလည်း အကြောင်း မသိရှာချေ။ လက်ဖက်ရည်ဝိုင်း၊ ကက်ဝိုင်းဟု ထင်မှတ်ခြင်း ခံရ၏။ အစည်းအဝေး တက်ရောက်သူမှာ အလွန်နည်း၏။ ငါ့အား အသင်းထဲသွင်းသူ၊ ထောက်ခံသူက အသင်းသားများနှင့် မိတ်ဖွဲ့ပေး၏။ ထို့နောက် ကျမ်းသစ္စာ ပြုရ၏။ (သစ္စာဆိုပုံကို အခန်း ၁ အဆုံး၌ ဖော်ပြခဲ့၏)။

သဘာပတိက ကြွလာသူ အသင်းသားများအား "အိုင်ရစ်သမ္မတနိုင်ငံကြီးသားများ"ဟု အာလုပ်ချီ စကားဦး သန်း၏။ ဆင်ဖိန်းဂိုဏ်း အသင်းထဲသို့ ဗြိတိသျှ ကုန်းကြောင်း၊ ရေကြောင်း စစ်ဘက် အမှုထမ်း သို့မဟုတ် ပင်စင်စားများနှင့် အိုင်ရစ်ပုလိပ် အဖွဲ့ဝင်များမှအပ အိုင်ရစ်ကျား၊ မ သို့မဟုတ် အိုင်ရစ်နွယ်သူများ ပါဝင်ခွင့် ပြုထား၏။ အစည်းအဝေး အစီအစဉ်အရ ဒေအီရီယင် အိုင်ရစ်လွှတ်တော် ချေးငွေရန်ပုံငွေ စုဆောင်းမှု၊ ဆင်ဖိန်းဝါဒ ပြန့်ပွားမှု၊ အိုင်ရစ်တိုင်းဖြစ် ကုန်ပစ္စည်းများ အိုင်ရစ် (ဂေးလစ်)စကား စာပေပညာစု အသစ်ထူထောင်မှုများကို ဆွေးနွေးကြလေ၏။ "ဒေဒီရီယင် ရန်ပုံငွေ" စုဆောင်းရေးမှတစ်ပါး အထက်ပါ အစီအစဉ်များမှာ အင်္ဂလိပ်ဥပဒေနှင့် မဆန့်ကျင်ချေ။ (ချေးငွေရန်ပုံငွေမှာ အင်္ဂလန်ပြည်၌ အခက်အခဲ အတောအတွင်း မြောက်မြားစွာ စုဆောင်းမိ၍ ဒပ်ဗလင်မြို့သို့ တင်ပို့နိုင်သည် ဟူ၏)။

များမကြာမီ ငါသည် "အိုင်ရစ် ကုန်သွယ်ရေးအသင်း"၌ အတွင်း

mgyoe.com

mgyoe.com


ရေးမှူး တင်မြှောက်ခြင်း ခံရ၏။ သို့သော် ငါ ဆောင်ရွက်နေဆဲဖြစ်သော အိုင်ရစ် ကိုယ်ပိုင် ပြဋ္ဌာန်းရေးအသင်းကြီး (ရှေ့ အခန်း ၄) ၌ အကျယ် ရေးထား၏။ အလုပ်ဝတ္တရား အစီအစဉ်နှင့် အစီအစဉ်ချင်း တိုက်ဆိုင်နေသောကြောင့် အတွင်းရေးမှူးရာထူးကို လက်မခံဘဲ ငြင်းခဲ့၏။

"ကိုယ်ပိုင် ပြဋ္ဌာန်းရေးအသင်းကြီး"မှာလည်း အသင်းသားဖြစ်၍ ၅ မိနစ် မကြာခင် အတွင်းရေးမှူးရာထူး ပေးအပ်ခံခဲ့ရ၏။ ထိုအခါက အိုင်ယာလန်ပြည် စသည်တို့၌ ရာထူးရာခံကို ပြိုင်ဆိုင်ကာ လက်သင့်ခံသော လောဘနည်းကြ၏။ အတွင်းရေးမှူး ရာထူးမှာ အလုပ်ပန်း၏။ အသင်းကြီး အစည်းအဝေး၌ ငါသည် သူစိမ်းတစ်ယောက် ဖြစ်နေလင့်ကစား ဝါရင့်သူ လူပုံပေါ်ကျော်၍ အတွင်းရေးမှူး တင်မြှောက်ခံရ၏။ စည်းကမ်းချောင်ချိ၏။ ဗြိတိသျှသူလျှိုတစ်ဦးသည် ဤကဲ့သို့ ရာထူးမျိုးကို ပရိယာယ်သုံးလျှင် လွယ်လင့်တကူရကာ အရေးတော်ပုံ "အတွင်းပိုင်း"ထဲ ဝင်ရောက်ချင်းနင်းနိုင်ကြောင်းကို ငါ သတိရမိပါသည်။ သို့သော် ဤသို့ သူ့လူကိုယ့်ဘက်သားလုပ်မှုသည် မလွယ်ကူ၊ ကြိုးစားသူ သူလျှိုသည် မိမိ "အသက်ကို ဖက်နှင့်ထုပ်ထားရပေမည်။ "တစ်ချက်မှားလျှင် တစ်သက်သွားမည်။ ကြိုးကိုင်ခေါင်းဆောင်များကလည်း "ကုပ်"ထောင်ထားသဖြင့် ခြေတစ်လှမ်းမှား၍ ထောင်ချောက်ထဲ ကျဆင်းရန် အဆင်သင့်ပင်။

အိုင်–အာရ်–အေ သေနတ်သမားကြီးများသည် ရန်သူ့သူလျှိုစုံထောက်များကို ပုရွက်ဆိတ်မျှ ပမာဏမထားမိလျှင် အဆုံးစီရင်သည်သာ များ၏။ ကိုယ့်သွေးသားချင်းထဲက သစ္စာမဲ့၍ အသားထဲက "လောက်"ထွက်သည့် ကိစ္စမျိုးများ၌ပင် ညှာတာထောက်ထားခြင်း မရှိ။ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ "ပယ်"လေ့ ရှိ၏။

mgyoe.com

mgyoe.com


အိုင်–အာရ်–အေ သေနတ်သမားကြီးများ၌ ပုဂ္ဂိုလ်စွဲ မုန်းတီးသည်မရှိ။ အိုင်ရစ်ထွက်ရပ် အရေးတော်ပုံကို ထိခိုက်အောင် ပြုလုပ်သူမှန်သရွေ့ သုတ်သင်ပစ်လေ့ရှိ၏။ "ကျားကို ခလုတ်၊ သစ်ငုတ် သင်ဖြူး၊ ဆူးကို မွေ့ရာ" ဆိုသကဲ့သို့ သေရဲ သတ်ရဲ၏။ "လာမယ့်ဘေး ရင်ဆိုင်တွေ့ရဲ၏" တိုက်ဖျက်ရဲ၏။ အိုင်–အာရ်–အေသည် တစ်နေ့တခြား အိုင်ရစ်ထွက်ရပ် အရေးတော်ပုံကြီး၏ သံမဏိခံတပ်ကြီး ဖြစ်၏။ အသည်းညှာဖြစ်၏။ ကြိုးကိုင်ဖြစ်လာ လေသတည်း။

❖

mgyoe.com

mgyoe.com

## အခန်း ၄
## ကိုယ်ပိုင် ပြဋ္ဌာန်းရေးအသင်း

အင်္ဂလန်ပြည်၌ အိုင်–အာရ်–ဘီ၏ အဆွယ်အပွား အဆက်အသွယ်ဟူ၍ စွပ်စွဲခြင်းခံရသော "အိုင်ရစ် ကိုယ်ပိုင်ပြဋ္ဌာန်းရေး အသင်းကြီး"သည် အိုင်ရစ်အကျိုး သည်ပိုးလိုသူတိုင်း ဝင်နိုင်သော တရားသင်းဖြစ်၏။ အသင်းကြီး၏ ရည်ရွယ်ချက်များမှာ အိုင်ရစ်တို့ တရားသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အိုင်ရစ်ကြိုက် အုပ်ချုပ်ရေးကို အစိုးရထံမှ တောင်းဆိုရေး၊ အိုင်ရစ်နိုင်ငံရေး အကျဉ်းသမားအတွက် ရန်ပုံငွေကောက်ခံရေး စသည်တို့ဖြစ်၏။ အင်္ဂလိပ်ဥပဒေနယ် မဖောက်သော၊ အသင်းကြီး ဖြစ်၏။ အိုင်ရစ် လူမျိုးတို့အား ဆင်ဖိန်း ဝါဒလွှမ်းမိုးသဖြင့် ကိုယ့်မင်းကိုယ့်ချင်း ဆန္ဒပြသောအခါ အင်္ဂလန်ရှိ အိုင်ရစ်ကိုယ်ပိုင် ပြဋ္ဌာန်းရေးအသင်းကြီးသည် မဲအများဆုံးရသော အိုင်ရစ်နိုင်ငံရေး ဂိုဏ်းကြီးဖြစ်သည့် ဆင်ဖိန်းဂိုဏ်းအား တရားသော နည်းလမ်းဥပဒေဖြင့် ထောက်ခံရန် ဆုံးဖြတ်ကြလေသည်။

အိုင်ရစ် ကိုယ်ပိုင် ပြဋ္ဌာန်းရေး အသင်းကြီးက စည်းဝေးပွဲများကို

mgyoe.com

mgyoe.com


လူသိရှင်ကြား ကျင်းပ၏။ လီဗာပူးပုလိပ်များကလည်း အသင်စကတည်းက အသင်းအခြေအနေကို သိရှိပြီးသား ဖြစ်၏။ အစည်းအဝေးကျင်းပသော နေရာများအနီး၌ လီဗာပူးစုံထောက်အဖွဲ့က အစောင့်နှစ်ယောက်၊ သုံးယောက် မယောင်မလည်နှင့် အစည်းအဝေး တက်ရောက်သူအဝင်၊ အထွက်၊ အသွား၊ အလာကို ဂနစွာ ရေးမှတ်ထောက်လှမ်းခိုင်း၏။ အသင်းကြီးမှာ စစ်မှုရေးရာ (ဝါ) သွေးထွက်သံယို သူပုန်မှုများ မဆွေးနွေးခြင်းကြောင့် လျှို့ဝှက်စွာ အစည်းအဝေးကျင်းပရန် မလိုချေ။ စုံထောက်များကလည်း အိုင်–အာရ်–အေ သေနတ်သမား သူရဲကောင်းများ အစည်းအဝေး တက်၊ မတက်ကို ထောက်လှမ်းချက်သာ ဖြစ်၏။ တစ်ဖက်တစ်လမ်းအားဖြင့် အစည်းအဝေး ပွဲတိုင်း၌ ဆင်ဖိန်းဝါဒ ဖြန့်ဖြူး၏။ အိုင်ရစ်ထွက်ရပ် အရေးတော်ပုံအတွက် ငွေကောက်ခံ၏။ လီဗာပူးမြို့နယ်အတွင်းတွင်ပင်လျှင် ပေါင် ၂၅,၀၀၀ (ငွေ ၃၇၅,၀၀၀) ကောက်ခံရရှိလေသည်။

ငါတို့လူတစ်စုသည် အင်္ဂလန်ပြည် အိုင်ရစ်အမုန်းဆုံးဒေသတစ်ရပ်ဖြစ်သော ချက်ရှဲယားနယ်၊ ဝလက်ဆလေမြို့၌ အိုင်ရစ်ထွက်ရပ်အရေးတော်ပုံအတွက် ရန်ပုံငွေကောက်ခံ၏။ မြို့နယ်ရှိ ရိုမင်ကက်သလစ်ဂိုဏ်းဝင် ဘုန်းကြီးများကလည်း သြဇာအာဏာဖြင့် ရန်ပုံငွေ မကောက်ခံဖြစ်အောင် ဟန့်တား၏။ ငါတို့မှာ အခက်အခဲ ကျော်လွှန်ရန်အတွက် ဉာဏ်နီဉာဏ်နက်များ ထုတ်သုံးခဲ့ရ၏။ ဘုရားရှိခိုးကျောင်း အနီးအနား၌ ရန်ပုံငွေ မကောက်ခံ မသိမ်းသွင်းရဟူ၍ ဘုန်းကြီးများက တားမြစ်လင့်ကစား၊ ဘုရားရှိခိုးကျောင်းမှ ထွက်လာသူများထံမှ ငွေတောင်းခံရန်ကြံစည်လေ၏။ ပုလိပ်ပင် ထွက်တားတား နောက်မဆုတ်တမ်းဟု ဆုံးဖြတ်ကြ၏။ ငါတို့ဖွဲ့ကြောင့် အနိုင်ရ၏။ သင့်တင့်လျောက်ပတ်လောက်သော ငွေများ ကောက်ခံရခဲ့လေသတည်း။

mgyoe.com

mgyoe.com


ဤအသေးအဖွဲ့ အတွေ့အကြုံများက အင်္ဂလိပ်မြေပေါ်ရှိ အိုင်ရစ်များသည် ဆင်ဖိန်းဝါဒ အသေအလဲ ချစ်ကြိုက် ရှိသေကြောင်းကို ထင်ရှားစွာ သက်သေခံပေးလေ၏။ ကောက်ခံစုဆောင်းရသော ငွေများကို လီဗာပူးမြို့ ကိုယ်ပိုင်ပြဋ္ဌာန်းရေးအသင်းဌာနသို့ ငါကိုယ်တိုင် ယူဆောင်လာ၏။ အသင်းတည်ရှိချက်ကို လီဗာပူးစုံထောက်များ သိပြီးဖြစ်၏။ အသင်းကြီး ဌာနခွဲဖြစ်သော ဝလက်စလေအသင်း အစီရင်ခံစာနှင့် ငါ့လက်မှတ်ကို လန်ဒန်မြို့ ရှက်(ဖ်)တက်(ဆ်)ဘာရီအင်ဘီနယူးလိပ်ရှိ အသင်းကြီးဌာနချုပ်သို့ တင်ပို့မိ၏။ ဤအစီရင်ခံစာနှင့် တခြားအသင်းစာများသည် စကော့တလင် ယဒ်စုံထောက်ဌာနလက်သို့ ကျရောက်သွားခြင်းကြောင့် လန်ဒန်အသင်းဌာနချုပ်ကို မသင်္ကာ၍ ပုလိပ်တက်ရောက်ရှာဖွေ ဖမ်းဆီးခြင်း ခံရဖူး၏။

ဆင်ဖိန်း အိုင်ရစ် ထွက်ရပ် အရေးတော်ပုံကို ကိုယ်ပိုင်ပြဋ္ဌာန်းရေးအသင်းကဲ့သို့ အင်္ဂလိပ်ဥပဒေနှင့် ညီညွတ်စွာ ဖွဲ့စည်းသော အသင်းများမှသာမက တခြားနည်းလမ်းများဖြင့်လည်း ဝါဒဖြန့်ဖြူးခဲ့ဖူး၏။ ကမ္ဘာစစ်ကြီးအတွင်းတွင် အင်္ဂလန်ပြည်ရှိ မီးရထားဘူတာရုံတိုင်း၌ပင် "ဘယ်(လ်)ဂျီယံပြည်တွင် ဂျာမန်တို့ မညှာမတာ သတ်ဖြတ်ညှဉ်းဆဲသည်"ဟူ၍ စာလုံးကြီးများပါသော ဂျာမန်ဆိုးကြောင်း စာတန်းများကို ဘူတာရုံ လူမြင်ကွင်းများမှာ ကပ်ထားလေ့ရှိ၏။ ဗြိတိသျှ နယ်ချဲ့ဆရာတို့ ဝါဒဖြန့်ဖြူးရေး ဖြစ်၏။ ငါတို့လူစုက ထိုစာတန်းများ တွေ့ရှိရတိုင်း၊ လူသူရှင်းသည့်အခါ အခွင့်သင့်တိုင်း "ဂျာမန်"ဆိုသော စာလုံးနေရာ၌ "အင်္ဂလိပ်"၊ "ဘယ်(လ်)ဂျီယံ"ဆိုသော စာလုံးနေရာ၌ "အိုင်ယာလန်" စာလုံးများ သွတ်သွင်း၍ အဓိပ္ပာယ် တစ်မျိုးတစ်ဖုံ ဖြစ်စေ၏။ အိုင်ယာလန်ပြည်၌ အင်္ဂလိပ်တို့ မညှာမတာ သတ်ဖြတ်ညှဉ်းဆဲသည်"ဟု အနက်ထွက်စေ၏။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်လိုက်၏။ အိုင်ရစ်ထွက်ရပ်

mgyoe.com

mgyoe.com

ဝါဒကို ဤသို့ ဖြန့်ဖြူးခဲ့၏။ စားလုံးပြောင်းထည့်မှု သေသပ်လှ၍ လုပ်ပုံ ကိုင်ပုံ လက်သည်မပေါ်ခဲ့ချေ။ တချို့ဘူတာရုံများ၌ ရက်သတ္တပတ်များစွာ ကြာမှ ဆိုင်ရာအရာရှိများ သိရှိတွေ့မြင်သွားသဖြင့် "ထပ်ထိုး" စာတန်း ဟောင်းများကို ဖြုတ်၍ "မူလ"စာတန်းများ ပြန်ကပ်ရသည်ကို အံ့ဖွယ် သူရဲ တွေ့မြင်ခဲ့ပါသည်။

ဆိုရှယ်လစ် ဘုံဝါဒ အစည်းအဝေးများတို့၌ ဆင်ဖိန်းဝါဒ စာတန်းများ ဖြန့်ဖြူးမှုများဖြင့် အသုံးပြုခဲ့၏။ ဆင်ဖိန်းဝါဒနှင့် အိုင်ရစ် အရေးတော်ပုံကို လူသိများသည်ထက်များ၍ လူကြိုက်ပေါသည်ထက် ပေါအောင် တတ်စွမ်းနိုင်သလောက်ဖြင့် ဝါဒဖြန့်ဖြူးခဲ့လေသည်။

ငါသည် ကိုယ်ပိုင် ပြဋ္ဌာန်းရေးအသင်း၌ လုပ်ကိုင်ရသည့် ရက်၊ လ ဝါရင့်လာသောအခါ နိုင်ငံရေးလုပ်ငန်းသဘောကို သုံးသပ်မိလာ၏။ ငါသည် နှေးကွေးမှုမကြိုက်။ လှုပ်ရှားမှုကြိုက်၏။ စိတ်နန်းလမ်းလျှောက် စုရုံးစည်းဝေးကာ သကြန်အမြောက်ပစ်မှုထက် စစ်ရေးစစ်ရာ အကြမ်းမှု ကြိုက်၏။ လျှို့ဝှက်စွာ လွတ်လပ်ရေး စခန်းသွားမှု ကြိုက်၏။ ဆင်ဖိန်း ထွက်ရပ် အရေးတော်ပုံတွင် စစ်သားသူလျှိုအဖြစ်ဖြင့် ဝင်ရောက် အမှု ထမ်းရန် အာသီသ ရှိလေ၏။ လျှို့ဝှက်စွာနှင့် အကြမ်းဖက်မှုဖြင့် အိုင်ရစ် ထွက်ရပ် ကြိုးပမ်းသော အိုင်–အာရ်–အေထဲ ဝင်ရန် စိတ်ကူးမိ၏။ ဆုံးဖြတ်ချက် ချမိ၏။ ဝင်ပေါက် ရှာဖွေမိ၏။

လမ်းစ တွေ့၏။ အင်္ဂလန်ပြည် မန်ချက်စတာမြို့ ဂျူး စပါး ရောင်းဝယ်ရာဌာနတွင် ကျင်းပရန် ကြေညာထားသော ပထမဦးဆုံး ဗြိတိသျှကျွန်းရှိ အိုင်ရစ်လူမျိုး ညီလာခံသဘင်သို့ ငါ့အား ကိုယ်စားလှယ် အဖြစ်ဖြင့် စေလွှတ်ခံရ၏။ အိုင်ရစ် ဆင်ဖိန်းခေါင်းဆောင်ကြီးများဖြစ် သော အာသာဂရိဖစ်(သ်)နှင့် ပါမောက္ခ အိုနီး(လ်)တို့အား ညီလာခံ သဘင် ဖွင့်လှစ်ရေးအတွက် ဖိတ်မန္တကပြုထား၏။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ

mgyoe.com

mgyoe.com


ညီလာခံသဘင်သို့ အိုင်ယာလန်ပြည်မှလာရန် သင်္ဘောပေါ်တက်သည်နှင့်တစ်ပြိုင်နက် စစ်ပုလိပ်များ တက်ရောက်ဖမ်းဆီးခြင်း ခံကြရ၏။ ညီလာခံကိုလည်း ပိတ်ပင်လေ၏။ အိုင်ရစ်ခေါင်းဆောင်ကြီးများ ဖမ်းဆီးမှုက မီးခဲမှ ပြာကို မှုတ်ပေး၏။ သူပုန်မီး မွှေးပေး၏။ အိုင်ရစ်အရေးတော်ပုံအား ထင်ထင်ပေါ်ပေါ် လုပ်ငန်းမှ "မြေအောက်" လျှို့ဝှက်သော လုပ်ငန်းဘဝသို့ ကူးစေ၏။ လူကြိုက်များအောင် ဖန်တီးပေးသည်နှင့်တူ၏။ "သာယာစီး"များပင်လျှင် ထိုအခါ၌ အရေးတော်ပုံတိုက်ပွဲတွင် ဝင်ရောက်လာကြလေသတည်း။

သို့ရာတွင် မလျော့သောလုံ့လဖြင့် ညီလာခံသဘင်ကို လျှို့ဝှက်စွာ ကျင်းပ၏။ ညီလာခံမည့်နေရာကို "အတွင်းလူ"များအပ လူစိမ်း မသိဟု ယူဆလင့်ကစား "ဒေလီစကက်(ချ်)" အင်္ဂလိပ် သတင်းစာဓာတ်ပုံဆရာသည် ကိုယ်စားလှယ်များ နေ့လယ်စာစားပြီး ညီလာခံအခန်းထဲ ဝင်ရောက်လာစဉ်ကို ဓာတ်ပုံဖမ်းရိုက်၍ ၎င်းသတင်းစာ၌ ထည့်သွင်းဖော်ပြဖြစ်လေ၏။ ညီလာခံသဘင်မှာ အုတ်အာသောင်းသဲ ဖြစ်သွားလေ၏။ လျှို့ဝှက်မှု ပေါ်သွား၏။ ဓာတ်ပုံကလည်း ဂုဏ်သရေရှိ လူကြီးများ ပါဝင်ကြောင်း၊ အိုင်ရစ် အရေးတော်ပုံ ခေါင်းဆောင်ကြီးများ ပါဝင်ကြောင်း ထင်ရှားစွာ သက်သေခံပြလေ၏။

ထိုကိစ္စ ဖြစ်ပွားပြီးပြီးချင်း ဆင်ဖိန်းအစည်းအရုံး၏ လက်ရုံးတပ်၊ လျှို့ဝှက်သော အိုင်–အာရ်–အေ အဖွဲ့ထဲ ဝင်ရောက်ရန် ဆုံးဖြတ်ပြီးသူ ငါ့မှာ ကိုယ်ပိုင်ပြဋ္ဌာန်းရေးအသင်းကြီးမှ တစ်ခါတည်း နုတ်ထွက်လိုက်၏။ ငါ့အကြံကို လူမသိစေချင်။ လူသိလျှင် စကားပွား၍ ကိစ္စများပေမည်။ သို့ကြောင့် အိုင်ရစ်အရေးတော်ပုံ လုပ်ငန်းမသေသပ်၍ မကြိုက်မနှစ်သက်မှုနှင့် အစိုးရဘေးဒဏ် ကြောက်ရွံ့မှု အမှုအရာများကို အသင်းသားများအား ပြ၍ အသင်းမှ ထွက်ဖြစ်လေ၏။ ငါ့အဖို့မှာ ပေါ်ယံခွဲနှင့်

mgyoe.com

mgyoe.com


ထဲကပုံဆောင်မှု ဖြစ်၏။ ငါ့မှာ ငယ်လည်းငယ်၊ စိတ်လည်းထက်၊ ကိုယ်လည်း သန်မာတုန်း ဖြစ်၏။ လက်ရုံးရည်ဘက်ဝင်ရန် ငါ့ဝတ္တရားဟု ယူဆမိ၏။ ယူဆမိသည့်အတိုင်း ဆင်ဖိန်းအစည်းအရုံး နိုင်ငံရေး နှလုံးရည်ဘက်မှ စစ်ရေးစစ်ရာ လှုံ့ဝှက်သော အိုင်–အာရ်–အေ လက်ရုံးရည်ဘက်သို့ ကူးလေ၏။

❖

mgyoe.com

mgyoe.com

## အခန်း ၅
## ငါ အိုင်-အာရ်-အေ ဝင်ခြင်း

ဝလက်ဆလေမြို့ ကိုယ်ပိုင်ပြဋ္ဌာန်းရေး အသင်းခွဲ၍ အတွင်းရေးမှူး လုပ်ကိုင်စဉ်ကပင် အင်္ဂလန်ပြည်၌ သေနင်္ဂဗျူဟာ စစ်မှုပညာကို အပူတပြင်း စိုင်းပြင်း သင်ကြားလေ့ကျင့်နေသော အိုင်ရစ် လူ "ထက်" တစ်ဦးရှိကြောင်းကို ငါ သတိထားမိပါသည်။ အင်္ဂလန်နှင့် အိုင်ယာလန်ရှိ ဗြိတိသျှ ကျေးတော်မျိုး၊ ကျွန်တော်မျိုးများနှင့် စစ်ထိုးအဲ့ဂှာ လက်နက်ပြင်ဆင်နေသူများအကြောင်းကို ငါ သိတန်သလောက် သိပါသည်။ အိုင်ရစ်ခေါင်းဆောင်တချို့သည် လုံသွေး၊ ဓားသွေး၊ သေနတ်စု၊ သူရဲကောင်းသိမ်းသွင်းကာ ဗိုလ်ဝင်ခံနေကြောင်းတို့ကို ရိပ်ဖမ်း၊ သံဖမ်းအားဖြင့် မကြာခဏ ငါ ကြားသိရပါသည်။

ငါ့မှာ တုန်လှုပ်ချောက်ချားခြင်း မရှိ။ အံ့သြခြင်း မရှိချေ။ ငါ့ငယ်ထိပ် သွေးရောက်အောင် သွေးမြောက်မိပါသည်။ ငါ့ကိုယ်မှာ ရဲသွေးရဲစိတ်ရဲမာန်တက်၍ မျိုးချစ်စိတ် ဇာတိမာန်တို့ ငါ့အကြော၌ တဖွေးဖွေး ပြေးလျက်ရှိ၏။ အရေးတော်ပုံလက်သစ်၏ ရည်ရွယ်ချက်

mgyoe.com

mgyoe.com


သနှ့်ရှင်းဖြူစင်ကြောင်းကိုလည်း ငါ သုံးသပ်မိပါသည်။

ထိုခေတ် ထိုအခါက ငါတို့မှာ သေရမည်ကိုမကြောက် "လာမယ့်ဘေး ပြေးတွေ့ရန်"သာ တွေးမိ၏။ သွေးထွက်သံယိုမှုကို ကြောက်မက်စရာ ကောင်းသည်မထင်။ အကြမ်းမှုသည် ငါနှင့်တကွ ငါတို့ အမျိုးသားအရေးကို ထိခိုက်သွားမည်ဟု မယူဆပါ။ နိုင်ငံရေး အရေးတော်ပုံတွင် သွေးထွက်သံယိုမှုသည် ဓမ္မတာအတိုင်း လိုအပ်ချက်တစ်ရပ်အသက်သွေးခဲဟု ယူဆမိပါသည်။

အိုင်ရစ်လူမျိုးတိုင်း စိတ်၌ အင်္ဂလိပ်လက်မှ အိုင်ယာလန် လွတ်မြောက်ရေးသည် အမြဲထာဝစဉ် ကိန်းအောင်းလျက် ရှိနေ၏။

ငါ အံ့ဩမိ၍ ကိုယ့်ကိုယ်ကိုယ် မေးမိသည်မှာ "ဤအရေးသစ်ကို အင်္ဂလိပ်တို့ စဉ်းစားမိပါသလား" စဉ်းစားမိလျှင် အရေးသစ်ပေါ်က ဗြိတိသျှတစ်ကျွန်းလုံး ဘာတွေဖြစ်မည်ကို သတိထားမိပါသလား။

အိုင်–အာရ်–အေလုပ်ငန်းမှာ တစ်ထောင့်ထောင့်ဒေသမှ ထွက်ပေါ်မည့် ကိစ္စမဟုတ်၊ ဗြိတိသျှ တစ်ကျွန်းလုံး၌ တစ်ပြိုင်နက်တည်း အချိုးကျအစီအစဉ်အတိုင်း ပေါ်ပေါက်ဖြစ်ပွားမည့် အရေးသစ်ပင်တည်း။ ကာလပျက်စေမည့် အရေးသစ်ပင်တည်း။

အခန်း ၂ ၌ ဖော်ပြခဲ့သည့်အတိုင်း အိုင်–အာရ်–အေသည် အိုင်ရစ်အရေးတော်ပုံ၏ လက်ရုံးတပ် စစ်ဘက်ဌာန ဖြစ်၏။ လီဗာပူးမြို့နယ်၌ အိုင်–အာရ်–အေ ငါးဌာန ခွဲထားလေ၏။

ဆင်ဖိန်းကလပ် သွင်းပေးသူပင်လျှင် ငါ့အား အိုင်–အာရ်– အေထဲ သွင်းပေး၏။ ငါ့မှာ အခက်အခဲများ မတွေ့ရ။ ငါသည် အင်္ဂလန်ပြည်၌ ကြာမြင့်စွာ နေထိုင်သူ တစ်ဦးတစ်ယောက်ဖြစ်သည့်အပြင် အိုင်ရစ်အရေးတော်ပုံကို သစ္စာဖောက်ခဲ့သူ မဟုတ်သဖြင့် ငါ့အား လီဗာပူးရှိ အိုင်–အာရ်–အေ ဌာနချုပ်က ရန်သူ့သူလျှိုဟူ၍ မသင်္ကာ မရှိချေ။ အားရ

mgyoe.com

mgyoe.com


ဝမ်းသာစွာဖြင့် လက်သင့်ခံလေသည်။

အိုင်–အာရ်–အေထဲ ဇာတ်သွင်းခံရမှုသည် ငါ့အား "သွေးသစ်" လောင်းပေးပေ၏။ လီဗာပူးမြို့ အိုင်–အာရ်–အေ ဌာနခွဲတစ်ရပ်ဖြစ်သော ဘာကင်ဟက်(ဒ်) ဌာနဝင်များ တွေ့ဆုံရာဒေသသည် ဂူနှင့်တူသော နောက်ဖေးမီးဖိုချောင်ခန်းကြီး ဖြစ်၏။ ထိုမီးဖိုချောင်သို့ မည်းမှောင်သော လမ်းကြား အိမ်ကြားများမှတစ်ဆင့် ဖြတ်သန်းကာ အိုင်–အာရ်–အေ လူဟောင်းကြီးများက ငါ့အား ခေါ်ဆောင်သွား၏။ ၎င်းတပ်ဌာန၌ တပ်သား ၁၂ ယောက်သာ ရှိ၏။ ငါတို့သည် စည်းရုံးရာ မီးဖိုချောင်ထဲ ရောက်သည်နှင့်တစ်ပြိုင်နက် ပကတိ စစ်တပ်ကြီးထဲက စစ်ကြပ် အသံ ဩဇာဖြင့် "စီတန်း"ဟု အိုင်–အာရ်–အေ စစ်ဗိုလ် ထရိမ်းဆရာက အမိန့်ပေးသံ ကြားရ၏။

စစ်ချီ၊ စစ်တက် လေ့ကျင့်ခန်းနှင့် ဗုံးပစ်နည်း၊ မီးရှို့နည်း နိသဿ ရည်းများကို သင်ကြား၏။ ထို့နောက် "ငါတို့ကို ဘာလုပ်ခိုင်းမလဲ" ခေါင်းတပ်သော လက်ချာသင်နည်း မှတ်ချက် ဟောပြောလေ၏။

ငါတို့ တွေ့ဆုံရာ မီးဖိုချောင်ခန်းကြီး၏ အဝင်၊ အထွက်တံခါး စသည်တို့မှာ လျှို့ဝှက်ထား၏။ လေ့ကျင့်နေစဉ် သို့မဟုတ် ဟောပြော ချက်နားထောင်နေစဉ် အိုင်–အာရ်–အေ ပညာသင်တန်း တက်ရောက်သူ တို့မှာ ခပ်မဆိတ်နေကြ၏။ အိုင်–အာရ်–အေ အကြောင်းပင်လျှင် စကား ရိပ် မပြောကြ။ စည်းကမ်းသေဝပ်မှုခေါင်းဆောင် ဆရာ့စကား လိုက်နာမှု၊ အချိန်မှန်မှု၊ သွက်လက်မှု၊ အကင်းပါးမှု၊ သန်မာကျန်းမာမှု၊ ရဲရင့်မှုတို့ သည် အိုင်–အာရ်–အေ လက်ရုံ့ဘပ်၏ အခြေခံ သဘောတရားများ ဖြစ်ကြ၏။

ထရိမ်းပြမှုနှင့် လက်ချာရိုက်မှုများကို တနင်္ဂနွေတစ်ပတ်လျှင် နှစ်ကြိမ်တိုင်တိုင် ပြုလုပ်၏။ ပြုလုပ်သော နေရာတိုင်းမှာ ပုလိပ်တို့နှင့်

mgyoe.com

mgyoe.com


လောက်လေးတစ်ကန့်မကွာ၊ တစ်ခေါ်လောက်သာ ဝေး၏။

သမ္မတဝါဒ ဖြန့်ဖြူးသောလုပ်ငန်းသည် စေတနာ့ဝန်ထမ်းဖြစ်၍ အိုင်–အာရ်–အေ လက်ရုံးတပ်သားများကို အတင်းအကျပ် စည်းကမ်း သေဝပ်မှု မဆော်ဩချေ။ ထောင်သားပုလိပ်သားများကဲ့သို့ စည်းကမ်း သေဝပ်မှု မထား။ သွေးသောက်၊ သွေးချင်း၊ သားချင်း၊ ရဲဘော်ရဲဘက်၊ ရဲရည်တက်သဘောဖြင့် စည်းကမ်းသတ်မှတ်ထားရှိ၏။

အိုင်–အာရ်–အေ ပညာသင်တန်းကို ငါ ဒုတိယအကြိမ် တက် ရောက်သောအခါ ငါ့စိတ်ကို သူပုန်ထစေသော အရာများနှင့် တွေ့ကြုံ ရ၏။ ငါတို့ဌာနခွဲအုပ်သူက ငါတို့အား သေနတ်တို အမျိုးမျိုး၊ ယမ်း တောင့်အမျိုးမျိုး ပါဝင်သော သေတ္တာကို ဖွင့်လှစ်ပြပြီးနောက် သေနတ်တို ခြောက်လုံးပြူးသုံးနည်း၊ သေနတ်တိုလုပ်နည်း၊ စက်ပညာကိုလည်း ခရေစေ့တွင်းကျ ရှင်းလင်းပြသ ပြောဆို၏။

ငါတို့သည် အိုင်–အာရ်–အေ ပညာသင်တန်းဟု ခေါ်ဆိုရသော လေ့ကျင့်ခန်းကို ကြိမ်ဖန်များစွာ တက်ရောက်ခဲ့၏။ တစ်ကြိမ်နှင့် တစ် ကြိမ်မတူ။ ထကြွမှု ဒီဂရီ တက်လာ၏။ သွေးပူ၏။ လှုပ်ရှားစိတ်ထက် သန်၏။ ငါတို့ ၁၂ ယောက်ထဲမှာပင် သည်းမခံရပ်နိုင်လောက်အောင် တစ်ခုခု ရှုပ်ရှုပ်ချွံချွံလုပ်မှ ပြီးမည့်လူမျိုးစား ပေါ်နေ၏။ ဖြုန်းခနဲ၊ ဒိုင်းခနဲ လုပ်ရမည့် ကိစ္စမျိုးများကို ဌာနချုပ်က ချုပ်တည်းတားမြစ်ထား၏။ စည်းကမ်းကို ရှိသေသော ငါတို့မှာ "ပညာစမ်း"ရန် အခါကောင်းကို စောင့်စားနေရာ ပျင်းရိစွာ မစောင့်စားရဘဲနှင့် ပညာစမ်းရန် အရေးသစ် ပေါ်လာလေသတည်း။

အိုင်ယာလန်ပြည် ဒပ်ဗလင်မြို့တော် အိုင်–အာရ်–အေ ခေါင်း ဆောင်၊ အာဏာပိုင်ကြီးများက အင်္ဂလိပ်မြေပေါ်၌ အိုင်ရစ်နှင့် အင်္ဂလိပ် စစ်ထိုးပွဲ ပြုလုပ်ရန် အမိန့်ချမှတ်လိုက်လေ၏။ (အချိန်မှာ ၁၉၂၀ ပြည့်

mgyoe.com

mgyoe.com



နှစ်) ၁၉၁၆ ခုနှစ်မှစ၍ အိုင်–အာရ်–အေတို့သည် အိုင်ယာလန်ပြည်၌ အင်္ဂလိပ်ဘုရင် လက်ပါးစေများနှင့် စစ်ထိုးနေခဲ့ရာ အားမရ၍ အင်္ဂလန်ပြည်ပေါ်၌ပင် ဆက်လက် စစ်ထိုးရန် သဘောကိုက်ညီလေ၏။ အိုင်–အာရ်–အေ မီးဆက်ကူးရန် ဖြစ်တော့၏။

အိုင်–အာရ်–အေခေါင်းဆောင် တချို့တို့က အင်္ဂလိပ်မြေပေါ်၌ အိုင်–အာရ်–အေ လုပ်ငန်းဆောင်တာ ပြုလုပ်ချက်များကို နည်းနည်းမျှ သဘောမတူချေ။

ကသယ်ဘရူးဂါး၊ မိုက်ကယ်ကောလင်းစသော အိုင်–အာရ်–အေ ခေါင်းဆောင် အမာစားတို့ ပယောဂကြောင့်သာ အိုင်–အာရ်–အေလုပ်ငန်းခွဲ့ထွင်ကာ အင်္ဂလန်ပြည်၌ပင်လျှင် အိုင်–အာရ်–အေ သောင်းကျန်းရန်အကြောင်း ဖန်လာလေ၏။

ဒပ်ဗလင်မြို့ အိုင်–အာရ်–အေ ဌာနချုပ်မှ အင်္ဂလိပ်နှင့် စစ်ထိုးရန် အမိန့်ချမှတ်လိုက်သည်နှင့်တစ်ပြိုင်နက် အိုင်ယာလန်ပြည်နှင့် အင်္ဂလန်ပြည်ရှိဆိုင်ရာ အိုင်–အာရ်–အေဌာနခွဲများက သင်္ဘောကျင်းနှင့် မီးရထားတံတားအများ ဖျက်ဆီးပစ်ရန်၊ ကုန်တိုက်ဂိုဒေါင်များ အစိုးရပိုင်အဆောက်အအုံကြီးများ၊ မြူနီစီပယ်ပိုင် ဓာတ်မီး၊ ဓာတ်ကြိုးရုံများနှင့် ရေပေးဌာနများကို မီးတိုက်ပစ်ရန်စသော အကြမ်းပတမ်း အစီအစဉ်စကင်းများ သေချာဂနစွာ ဆွဲမှတ်ထားကြ၏။ တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း လုပ်ကြံရန် စောင့်စားကြ၏။

အင်္ဂလိပ် လူမျိုးများသည် အိုင်–အာရ်–အေ၏ ကျစ်ကျစ်လျစ်လျစ် လျှို့ဝှက်သော အစီအစဉ်အား "ယောင်"၍မျှပင် မရိပ်မိကြချေ။ ထင်ထင်ရှားရှား တိုက်ပွဲများသာ မျှော်လင့်၏။

ဒပ်ဗလင်မြို့၌ အိုင်–အာရ်–အေ ခေါင်းဆောင်တစ်ဦးသည် ပုလိပ်ဖမ်းဆီးရာမှ လက်လွတ်ထွက်ပြေးစဉ် အရေးကြီးသော လျှို့ဝှက်သည့်

mgyoe.com

mgyoe.com


အိုင်–အာရ်–အေ စာများ ကျန်ရစ်ခဲ့၏။ ထိုစာများက အင်္ဂလန်တွင် အိုင်–အာရ်–အေလုပ်ငန်း တစ်စွန်းတစ်စ ဖော်ပြထား၏။ ဆိုင်ရာ အင်္ဂလိပ် အရာရှိကြီးများလက်သို့ စာများ ရောက်ရှိသည်နှင့် အင်္ဂလန်ပြည် တနင်္ဂနွေထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်း ပြုလေ၏။ ဗြိတိသျှ တစ်ကျွန်းလုံး အိုင်–အာရ်–အေ အကြံသစ်ကို သိရှိသွားလေ၏။ ထိုအခါမှ ငါ့သဘော ရသည်မှာ အင်္ဂလိပ်တို့သည် အိပ်ရာမှနိုး၍ လာမည့်ဘေးကို "မိုးလွန်ခါနီးမှ ထွန်ချ"ရန် ကြံစည်ကြရလေသည်။

၁၉၂၀ ပြည့်နှစ် နိုဝင်ဘာလ ညတစ်ညဥ္ဓ အင်္ဂလန်ပြည် မာဆီဆိုက်(စ်) နယ်တစ်လျှောက် (လီဗာပူးမြို့ ပါဝင်၏)တွင်ရှိ အိုင်–အာရ်–အေ ဌာနများ၌ တပ်သားစုဆောင်း သွေးစည်းရန် အမိန့်ကျရောက်လာ၏။ ၈ နာရီခွဲအချိန်၌ လီဗာပူးမြို့ စကော့တလင်လမ်း၊ စုံထောက်တို့ သိရှိဖူးသော အခန်းမကြီးတစ်ခု၌ အိုင်–အာရ်–အေ လူသစ်များ စုဆောင်း စည်းရုံးရန် အချိန်သတ်မှတ်ထား၏။ စည်းဝေးရာဌာနကို လျှို့ဝှက်ထားသဖြင့် သတိအလွန်ထားကာ စောင့်ရှောက်လျက်ရှိကြောင်းကို ငါတို့ သိရှိရလေသည်။ အခန်းမ ပတ်ဝန်းကျင် အရေးကြီးသော နေရာများနှင့် ပုလိပ်ဂါတ်များ၌ အိုင်–အာရ်–အေ ကင်းထောက်များ ချထား၊ စောင့်ကြည့်ခိုင်းထား၏။ မိန်းမများပင်လျှင် အိုင်–အာရ်–အေထဲ သွင်းကြောင်း သိရှိရ၏။ ပုလိပ်ကို "လက်တစ်ချက်တို့"လိုက်လျှင် ခေါင်းဆောင်လုပ်သူကို လက်ပူးလက်ကျပ် ဖမ်းမိနိုင်သည်သာမက ငါတို့နယ်ရှိ အိုင်–အာရ်–အေ လုပ်ငန်းကို အမြစ်မှ တူးဖော်ဖျက်ပစ်နိုင်၏။

အခန်းမကြီးထဲ လျှို့ဝှက်သော အစည်းအရုံး တက်ရောက်သူတိုင်း အရေးရှိက အလွယ်တကူ အသုံးပြုနိုင်ရန် လက်နက်ကိုယ်စီ အဆင်သင့် ယူဆောင်လာကြ၏။ အရေးပေါ်ကလည်း ကမ္ဘာမီးလောင်အောင် တိုက်ပွဲကြီး ဖြစ်မည်သာတည်း။

mgyoe.com

အိုင်–အာရ်–အေ တပ်သား စုဆောင်းကာ သွေးစည်းရေးမှာ စိုင်းပြင်းလျက် ရှိ၏။ လီဗာပူးမြို့နယ်၌ပင် စစ်ထိုးရန် ရည်ရွယ်၍ စုဆောင်းခြင်း ဖြစ်၏။ စုဆောင်း၍၊ အားတင်း၍ ရက်သတ္တပတ် တစ်ပတ်ကျော်ကြာလျှင် လီဗာပူးမြို့ပေါ်ရှိ ဂိုဒေါင်ကုန်တိုက်ပစ္စည်း လှောင်တိုက်များ မီးရှို့ခံရသည့်သတင်း ပေါ်လာရတော့မည်။

လျှို့ဝှက်သော အစည်းအရုံး တက်ရောက်သူများမှာ လူ ၁၅၀ ကျော်ရှိ၏။ ကွယ်လွန်သူ အိုင်ရစ် အာဇာနည် အိုကွန်းနားက ထိုအစည်းအရုံး ဗိုလ်ရှုခံ ဖွင့်လှစ်၍ ဩဝါဒညွှန်ကြား၏။ အိုကွန်းနားမှာ ထိုစဉ်က ဒပ်ဗလင်မြို့ အိုင်–အာရ်–အေ ဌာနချုပ်၌ အင်ဂျင်နီယာ ဌာနဘက်က အတွင်းရေးမှူးနှင့် အင်္ဂလန်ပြည် အိုင်–အာရ်–အေလုပ်ငန်းခန့် စီမံသော အတွင်းရေးမှူး ဖြစ်၏။ အိုင်–အာရ်–အေ ထိပ်သီးအရာရှိ ဗိုလ်မှူးကြီးပင်။

အိုကွန်းနားက အိုင်ယာလန်၌ အိုင်–အာရ်–အေသည် "ရန်သူနှင့် မျက်နှာချင်းဆိုင်" တိုက်၏။ အင်္ဂလန်၌ အိုင်–အာရ်–အေသည် "ရန်သူ နယ် ဗဟိုချက်မ၌ ရောက်နေ၍" သတိဝီရိယနှင့် ရှုပ်ရှုပ်ချွံချွံ လုပ်ကိုင်ရန် ဟော၏။ အိုကွန်းနားက လာရောက်သွေးစည်း သူများသည် မကြာခင် အင်္ဂလိပ်မြေပေါ်၌ သွေးထိုးရတော့မည်။ လက်တည့်စမ်းရတော့မည်။ အိုင်ယာလန်၌ "ဘလက်အင်တင်(ဆ်)" အင်္ဂလိပ်ပါးကွက် အာဏာသားများသည် ဘေးမဲ့သော အိုင်ရစ်များကို မည်သို့ ရက်စက်စွာ ညှဉ်းပန်းခြင်း၊ ယခု အင်္ဂလန်၌ သူတို့အတတ်နှင့် သူတို့အား လက်စားချေရန် လက်စားချေပါက တရားကြောင်းကို ဥပမာ...ဥပမေယျဖြင့် ဝမ်းနည်း၊ စိတ်ဆိုး၊ သွေးကြွဖွယ်ရာ ရှင်းလင်းပြောဆိုသေး၏။

ခေါင်းဆောင်ကြီး အိုကွန်းနားသည် အခန်းမကြီးထဲ လျှို့ဝှက်စွာ ဝင်လာသကဲ့သို့ အခန်းမထဲမှ ပျောက်သွားလေ၏။ အင်္ဂလိပ်ပုလိပ်များ

mgyoe.com

mgyoe.com


အလွန်လက်ရဖမ်းလိုသော သူပုန်ကြီးသည် အိုင်ယာလန်မှ ကူးလာ၍ အင်္ဂလိပ်မြေများ၌ အိုင်–အာရ်–အေလုပ်ငန်း ချဲ့ထွင်လုပ်ကိုင်နိုင်ကြောင်း က အိုင်–အာရ်–အေ တပ်သားများ သစ္စာရှိပုံနှင့် အင်္ဂလိပ်ပုလိပ် စုံထောက်အဖွဲ့ ညံ့ဖျင်းပုံမှာ ထင်ရှားတော့၏။ အိုကွန်းနား၏ စွန့်စားမှု၊ သတ္တိရှိမှုကို ချီးမွမ်းဖွယ်ရာပင်။

❖

mgyoe.com

mgyoe.com

## အခန်း ၆
# ကုန်တိုက် မီးရှို့မှုကြီး

အိုကွန်းနားကဲ့သို့ ပွဲတိုင်းကျော် သတ္တိခဲတစ်ဦးသည် အိုင်ယာလန်မှ ပင်လယ်လက်ကြားကူး၍ ရန်သူနယ် ချက်မဌ် အိုင်–အာရ်–အေလုပ်ငန်း ချဲ့ထွင်မှုမှာ ငါတို့ နမူနာကြီးဖြစ်၏။ ငါတို့မှာ စိတ်အားထက်သန်သည် ထက် ထက်သန်လာလေ၏။ ၁၉၂၀ ပြည့် နိုဝင်ဘာလ ၂၀ ရက်၊ အိုကွန်းနားလာရောက်၍ မကြာမီပင် လီဗာပူးမြို့ ဂိုဒေါင် ၂၀ တစ်ပြိုင်တည်း မီးရှို့မှုဖြင့် အင်္ဂလန် အိုင်–အာရ်–အေလုပ်ငန်း "ဈေးဦး" ဖောက်လိုက်၏။ ဖောက်လိုက်ပုံမှာ...

ဓာတ်ဆီ၊ ဂုန်အိတ် စသော မီးစာနှင့် မီးရှို့ရာ၌ အသုံးဝင်သော ပစ္စည်းများကို သတ်မှတ်ထားသော နေ့မတိုင်မီ စုဆောင်း ပြီးသားရှိ၏။ သေနတ် ယမ်းတောင့်၊ ဗုံးများကိုလည်း အသင့်ရှိစေ၏။ အိုင်–အာရ်–အေ သူလျှိုအဖွဲ့ကလည်း တစ်ပြိုင်နက်တည်း မီးရှို့နိုင်ရန် စနည်းနာ၍ အခါပေးလေ၏။ ကင်းထောက်ပေး၏။

ငါ့မှာ အိုင်–အာရ်–အေထဲ ဝင်ခါစ ဝါနု "အစိမ်း" ဖြစ်နေသဖြင့်

mgyoe.com

မီးရှို့မည့်လုပ်ငန်းကို မီးမရှို့ခင်ကလေးမှာပင် အကြောင်းသိရှိရ၏။ အမိန့်ကျသောအခါ ဗုံးမှန်သူကဲ့သို့ လူတစ်မျိုးတစ်မည် ဖြစ်သွား၏။ ငါ့စိတ်မှာ ခေါင်းလောင်းလျှာကဲ့သို့ တည်တံ့စွာ မရှိခင် "ငါလုပ်တာ ဟုတ်မှန်မှ ဟုတ်မှန်ပါ့မလား"ဟု ဝိဝါဒ ဖြစ်သွား၏။ သို့သော် ငါ့မှာ စဉ်းစားရန် အချိန်မရှိ။ ငါသည် အရေးတော်ပုံထဲ ကျရောက်နေ၏။ ငါက "ငါဟာ စစ်ထဲရောက်နေပြီ၊ အရှုံး အနိုင်သာ ကြည့်ရတော့မယ်"ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်၏။

မီးရှို့မှု အလုပ်ခွင် မဝင်ခင် ငါသည် အကယ်၍ ဖမ်းမိလျှင် သက်သေခံ မရအောင် အင်္ကျီထဲ ထည့်လာမိသော စာတိုစာစ စသော ပစ္စည်းများကို ဖျောက်ဖျက်ပစ်၏။ ငါသည် လူသိနတ်ကြားဆိုလျှင် မန်ချက်စတာမြို့ ကိုယ်ပိုင်ပြဋ္ဌာန်းရေးအသင်း တက်နေသည်ဟူ၏။ ဤသို့ ဆင်ဖော့ရန်ရှောင်လုပ်မှုက ငါ့အား သက်ာကင်းအောင် ပြုလုပ်ခြင်း ဖြစ်၏။ အကယ်တိ မီးရှို့မှုနှင့် ပတ်သက်၍ ဖမ်းသော် ငါသည် မန်ချက် စတာသွားသည်ဟု ရုံးပေါ်၌ ထုချေနိုင်၏။

ငါ့၌ ယမ်းတောင့် ၂၀ နှင့် ခြောက်လုံးပြူးတစ်လက်ရ၏။ ငါ ဘယ်သွားရမည်။ ဘယ်သူတွေနှင့် ဘယ်နေရာ၊ ဘယ်အချိန် တွေ့ရမည် များကို သွန်သင်ထား၏။ ငါ့မှာ ဤလုပ်ကြံမှုအတွက် ရုပ်ပြောင်းရုပ်လွှဲ မလုပ်ရ၊ ဝတ်နေကျ ဘောင်းဘီ၊ အင်္ကျီနှင့် ဦးထုပ် ပျော့ ဆောင်းထား၏။ ငါ့အား အိုင်–အာရ်–အေ သေနတ်သမားဟု မည်သူကမှ သင်္ကာမကင်း မရှိချေ။

မီးရှို့မှု ဖြစ်မည့်ညနေ ငါနှင့် ငါ့ရဲဘော်များ တွေ့ကြုံရမည့် လမ်း ခရီး၌ ငါ့မိတ်ဆွေ အင်္ဂလိပ်တချို့နှင့် ပက်ပင်းပါတွေ့၍ အာလာပ သလ္လာပစကား ပြောသေး၏။ သို့သော် အရိပ်အငွေ့မျှပင် ငါ့သဘောနှင့် အလုပ်ကို သူတို့ မသိရှာကြပေ။ အင်္ဂလိပ်မိတ်ဆွေတစ်ဦးမှာ စစ်ဗိုလ်ဖြစ်

mgyoe.com

mgyoe.com

၍ ငါ့အား လီဗာပူးမြို့ မဒ်ဒလင်ဟိုတယ်၌ ပျော်ပွဲစားရင်း တစ်ညနေဖြုန်းရန် ဖိတ်ခေါ်သေး၏။ ငါကလည်း ချိုချိုသာသာနှင့်ပင် မလိုက်နိုင်ကြောင်း၊ အကြောင်းထွေထူးကြောင့် မဟုတ်၊ ရည်းစားနှင့် ချိန်းထား၍ ကတိမဖျက်နိုင်ကြောင်း ဆင်ခြေပေး၏။ ဖိတ်သူမှာ ဤအဖြေကို ကျေနပ်သွား၏။ ငါသည် ခရီးဆက်လက်သွားကာ မီးရှို့ရန်အတွက် ချိန်းဆိုထားသော နေရာသို့သွားရာ ရဲဘော်လေးယောက်နှင့် တွေ့၏။ မီးရှို့ရန် ငါတို့ ဆက်လက်သွားစဉ် လမ်း၌ ပုလိပ်ပတ္တရောင်များနှင့် တွေ့ဆုံ၏။ ငါတို့ မီးတိုက်ရမည့် ကုန်တိုက်မှာ မြို့ဗဟိုဌာနခ္ခ တည်ရှိ၏။ ပုလိပ်ဂါတ်မျက်စောင်းထိုးကျ၏။ ငါ့မှာ ကုန်တိုက်ဂိုဒေါင်ဘက် လာလမ်းကို စောင့်ကြည့်ရသူ ကင်းထောက်ဖြစ်၏။ လက်ထဲမှာ ခြောက်လုံးပြူး ယမ်းထိုးထား၏။ မည်းမည်းမြင်ပစ်ရန် အသင့်ပင် ကုန်တိုက်ထဲသို့ ငါတို့ လူသုံးယောက်ဝင်၍ တံခါးဖွင့်ပေး၏။ အလုပ်မှာ လွယ်ကူ၏။ ကုန်တိုက်ထဲရှိ ဝါဂွမ်းထုပ်များသည် အသုံးကျသော မီးစာများဖြစ်၏။ ဓာတ်ဆီ၊ ရေနံဆီလောင်း မီးတင်ရှို့ပစ်၏။ မကြာခင် တစ်တိုက်လုံး မီးတောက်မီးလျှံဖြစ်သွား၏။ ငါတို့ ထွက်ပြေးရမှာလည်း လွယ်၏။ ငါတို့အား ပုလိပ်နှင့် အရပ်သားများ မတွေ့မြင်နိုင်။ မီးလောင်ရာမှ ခပ်ဖြည်းဖြည်း ဟန်မပျက် ထွက်ခွာ သွား၏။ ဂိုဒေါင်နှင့် ပေ ၁၅၀ လောက် လျှောက်သည်နှင့် ဂိုဒေါင်မီးလောင်ကြောင်း ရပ်ရွာက သိရှိ၍ လူများစုလာကြ၏။ ဆူဆူပူပူဖြစ်ကြ၏။ ငါ့မှာ ကြောက်ရွံ့ခြင်းမရှိ။ ကိုယ်လုပ်တာကို အေးအေးလူလူနှင့် လက်ပိုက်ကာ ပြန်ကြည့်မိ၏။ ကာလပျက်သကဲ့သို့ လူအုပ်ကြီးမား ညံဆူလာကာမှ ငါသည် မီးလောင်ရာကြည့်သော ပရိသတ်မှ ထွက်ခွာကာ ဓာတ်ရထားတက်စီးမိ၏။ အတော်ကလေးစီးမိမှ ဓာတ်ရထားပေါ်က ဆင်း၍ သေနတ်နှင့် ယမ်းတောင့်ကို သေချာ ကျစ်လျစ်စွာ လျှို့ဝှက်သော နေရာတစ်ခု၌ ဝှက်ထားခဲ့၏။ နောင်အသုံးချနိုင်ရန် မျှော်

mgyoe.com

mgyoe.com

လင့်ပြီးလျှင် ထားခဲ့၏။ ထိုနေရာမှတစ်ဆင့် မန်ချက်စတာမြို့အသင်းအစည်းအဝေးသို့ မီးရထားဖြင့် သွား၏။ နောက်တစ်နေ့ တနင်္ဂနွေသတင်းစာ၌ စနေနေ့ညက လောင်သော မီးအကြောင်း အကျယ်တဝင့်ရေးသား၏။ အင်ပါယာ သတင်းစာ၌ မီးရှို့မှုအကြောင်းကို ငါဂရိဘင်ဆာဟိုတယ်၌ နေထိုင်စဉ် ဖတ်ရှုရ၏။ ထိုစနေနေ့ည၌ မီးများ တစ်ပြိုင်နက် ရှို့ရာတွင် တချို့နေရာ၌ ကံကြမ္မာ မကောင်းသော ရဲဘော်တချို့တို့ဖမ်းဆီးခံရမှုများကိုလည်း ဖတ်ရှုရလေသတည်း။

ထိုအထက်ပါ သတင်းစာထဲ၌ပင် အိုင်–အာရ်–အေ သေနတ်သမားများ၏ ဗြိတိသျှတစ်ကျွန်းလုံးတွင် ထပ်မနား သောင်းကျန်းမှု၊ ပုန်ကန်မှုနှင့်ပတ်သက်သော အစီအစဉ် စာရွက်စာတမ်းများကို ဗြိတိသျှအာဏာပိုင်တို့သည် ဒပ်ဗလင်မြို့၌ ထပ်မံ၍ ဖမ်းဆီးရမိကြောင်း သတင်းလည်း ပါလာ၏။

ဖမ်းဆီးရမိချက် အစီအစဉ်များမှာ အဟုတ်အမှန် တကယ်တမ်းများ ဖြစ်၏။ လီဗာပူး မီးရှို့မှုကြီးကို ဗြိတိသျှသူလျှိုများ ကိုယ်တိုင်ဖန်တီးချက် သို့မဟုတ် စက်ပုန်းခုတ်မှုကြောင့် ပေါ်ပေါက်သည်။ ဤသို့ အမှုဆင်နိုင်မှ ဆင်ဖိန်းပါတီ နှိပ်ကွပ်မှုတွင် ဗြိတိသျှ အာဏာပိုင်များကသူတို့ပြုမူချက် အဓမ္မမှုများကို တရားသည်ဟု ဆင်ခြေပေးနိုင်သည်ဟု တချို့တလေက ယူဆကြ၏။

မီးရှို့မှု ဖြစ်ပျက်သော စနေနေ့ည၌ အရပ်သားတစ်ဦး သေနတ်ပစ်သတ်ခံရ၏။ ပုလိပ်တချို့မှာလည်း သေနတ်ပစ်ခံရ၏။ ပုလိပ်တစ်ဦး ဒဏ်ရာရသွား၏။

အလဟဿ လူတစ်ဦးတစ်ယောက် အသက်သတ်ရန်မှာ အိုင်–အာရ်–အေ၏ အစီအစဉ်၌ မပါ။ အကယ်၍ အသက်သတ်မိပါက သွေးထွက်သံယိုမှု ပြုမိပါက မိမိကိုယ်မိမိ ကာကွယ်ရေး သို့မဟုတ်

mgyoe.com

mgyoe.com

ကင်းစောင့်၏ ခုခံကာကွယ်ချက် သို့မဟုတ် ကုန်တိုက်ထဲဝင်သူများ အဖမ်းခံရမည်စိုးသဖြင့် ခုခံချက်များကြောင့် ဖြစ်ပေသည်။

အရပ်သားတစ်ဦး သေနတ်ပစ်သတ် ခံရရေး၌ ငါတို့ အိုင်–အာရ်–အေ တပ်သားတစ်ဦး ခုခံရင်းပင်လျှင် ဖမ်းမိသွား၏။ ထို တပ်သားမှာ အရပ်သားကို သေနတ်နှင့် ပစ်သတ်သူမဟုတ်၊ သို့လင့်ကစား ပုလိပ်များက အမှုဆင်ကာ လူသတ်မှုနှင့် စွပ်စွဲချက်တင်၏။ အမှုဆင်ချက်မှာ မခိုင်လုံ၊ အကြောင်းဆိုသော် တရားခံမိစဉ်က သူ့ကိုယ်၌ သေနတ်လက်နက် တစ်စုံတစ်ရာ မပါမရှိချေ။ (တရားခံကမူ သေနတ်ပစ်မရသောအခါ သေနတ်လွှတ်ပစ်လိုက်သည် ဟူ၏။ သေနတ်မပါမှ အဖမ်းခံရ၏။) သက်သေပြချက် လျော့လက်လဲချက် မခိုင်လုံသဖြင့် အချိန်ကြာစွာ ဥပဒေစစ်ပွဲကျင်းပပြီးမှ ရုံးတော်က လူသတ်မှု မထင်ရှားသဖြင့် တရားသေလွှတ်လိုက်၏။ သို့ရာတွင် ဒုတိယစွဲချက်ဖြစ်သော မီးရှို့မှုမှာ အပြစ်ထင်ရှားသဖြင့် ကုန်တိုက်မီးရှို့မှုကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ပေးသနားခြင်း ခံရလေ၏။

ဤ အိုင်–အာရ်–အေရုံးမှုနှင့် စပ်လျဉ်း၍ ဆန်းဆန်းကြယ်ကြယ်ကိစ္စတစ်ခုပေါ်နေ၏။ လီဗာပူးမြို့ အရက်ဆိုင်တစ်ခု၌ လူတစ်ယောက်က အရပ်သား သတ်သူသည် သူပင်ဖြစ်သည်။ အိုင်–အာရ်–အေက မဟုတ်ဟု ကြွားဝါလေ၏။ ပုလိပ်နားပေါက်သဖြင့် ထုံးစံအတိုင်း ဖမ်းဆီးချုပ်နှောင် ရုံးတင်စစ်ဆေး၏။ အပြစ်မထင်ရှားသဖြင့် တရားသေလွှတ်လိုက်ရပြန်၏။ ထိုလူကြွားမှာ ဂါတ်ချုပ် ထောင်ချုပ် ခံရလို၏။ အလဟဿ နှုတ်မစောင့်စည်း၍ အသက်ပင် ဆုံးရှုံးခံရအောင် ဖြစ်သွားလေသည်။ ထိုလူမှာ အိုင်–အာရ်–အေနှင့် မည်သို့မျှ မစပ်ဆိုင်ချေ။

လီဗာပူး မီးရှို့မှုကြီးကြောင့် လီဗာပူးပုလိပ်များမှာ အလုပ်များသွား၏။ သတိကြီးစွာ ထားလာကြ၏။ လူကြားကောင်းအောင် ဂုဏ်ဆည်ရန်

mgyoe.com

ဒရွှတ်သီ ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ကြ၏။ လူ ၁၀၀ ကျော် ဖမ်းဆီးစစ်ဆေး၏။ မိန်းမနှစ်ယောက်ပါဝင်၏။ သူတို့အား "ကူညီအားပေးသူ" များဟု စွဲချက်တင်၏။ မီးရှို့အပြစ် ထင်ရှားသူများ၊ တချို့အား တစ်သက်တစ်ကျွန်း ထောင်ချ၏။ တချို့အား အနှစ် ၂၀ အိုင်ယာလန်ပြည်တွင် ထောင်ချထား၏။ တချို့ အဖမ်းခံရပြီးမှ လွတ်မြောက်လာသူများမှာ တကယ့် ထိပ်သီး၊ အိုင်–အာရ်–အေ သေနတ်သမားကြီးများ ဖြစ်ကြ၏။ ၎င်းမှာ ကံအားလျော်စွာ အဖမ်းမခံရ၊ "ဆင်ဖိန်း လုပ်ကြံမှုများ"ဟု ပုလိပ်ခေါ်ချက်နှင့် ပတ်သက်၍ပင် တစ်စွန်းတစ်စမျှ မသက်ဆိုင်ခြင်း မခံရချေ။

❖

mgyoe.com

mgyoe.com

## အခန်း ၇
## မျိုးချစ်နှင့် အချစ်

ဤ အထက်ပါ ဖမ်းဆီးမှု၊ ရှာဖွေမှု၊ စစ်ကြောမှု၊ ထောင်ချမှုများက အိုင်–အာရ်–အေ လုပ်ငန်းနှင့် စိတ်ဓာတ်ကို ထိခိုက်နာကျင်စေ၏။ ယာယီအားဖြင့် အိုင်–အာရ်–အေ "ငြိမ်"နေ၏။ လူ ၁၀၀ ကျော် ဖမ်းမှုသည် အိုင်–အာရ်–အေ အစည်းအရုံးမှာ "သေ"သကဲ့သို့ ဖြစ်သွား၏။ သို့ရာတွင် အငွေ့တလူလူ ထွက်နေသေး၏။ "တစ်ထောင့် ထောင့်ဒေသက တိုင်းကျော် ဝှံ့ပေါ်အောင် ထွက်ဦးမည်"ဟု စီစဉ်နေ၏။ တဖြည်းဖြည်း အဖျားဒီဂရီ တက်သကဲ့သို့ အစည်းအရုံး အင်အားတက်လာလေသည်။ စိတ်ဓာတ်ကား မပြယ်၊ သို့သော် လူအားနည်း၏။ လူအား ၁၅၀ မှ ၁၀၈ ယောက်သို့ ဆင်းသွား၏။ လူ ၁၀၈ အား လီဗာပူး၊ ဘူတယ်(လ်)၊ စိန့်ဟင်းလင်းဟူ၍ တပ်သုံးတပ် ခွဲထား၏။ စစ်ရေးစစ်ရာ လေ့ကျင့်ခန်းများ၊ ပညာသင်တန်းများ ဖွင့်လှစ်ကာ အစည်းအရုံး "ရှက်ဟောင်းကြွေ၊ ရှက်သစ်ဝေ"လာစေ၏။ ကြီးကြီးကျယ်ကျယ် အလုပ်မလုပ်ကြသေးဘဲ "ဘယ်နေရာမှာ ဘယ်အဆောက်အအုံကြီး ရှိလေရဲ့၊ ဘယ်လိုဖျက်က

mgyoe.com

mgyoe.com


ပျက်နိုင်ရဲ့"ဟုသာ စစ်ဆေးများဖြင့် အာသာဖြေနေကြ၏။ အိုင်–အာရ်–အေ အစည်းအရုံးတပ်မတော်တွင် အစိုးရ သတင်းပေးသူဟု မသင်္ကာစရာ ကောင်းသူ များကို သုတ်သင်ရန် ထောက်လှမ်းမှုများလည်း ပြုလုပ်၏။ ထို ထောက်လှမ်းမှုနည်းများမှာ အိုင်–အာရ်–အေ သူလျှိုအဖွဲ့လုပ်ငန်း ဖြစ်၏။ အောက်၌ တချို့တလေ ထုတ်ဖော်ပြဦးအံ့။

လူတစ်ယောက်သည် သေနတ်နှင့် ယမ်းတောင့်များ လိုက်လံဝယ် ခြမ်းနေသည်ကို မေးမြန်းကြည့်သောအခါ "အိုင်ယာလန်က လူတွေ အတွက်"ဟူ၍ ပြောလေသည်။ ဤသတင်းကို မိန်းမအပျော်တမ်း ရဲတပ်မှတစ်ဆင့် ငါတို့ထံ သတင်းရောက်လာလေ၏။ သေနတ်လိုက် ဝယ်သူသည် ဥပဒေလက်လွတ် ထွက်ပြေးတိမ်းရှောင်သူဟူ၍လည်း သတင်းထပ်မံ ရပြန်၏။ ၎င်းကို ကြည်ညိုသူ၊ ယုံကြည်သူများက စား သောက်ရေးနှင့် ငွေကြေးထောက်ပံ့ရေးများဖြင့် အားပေးခြင်းပင် ပြုကြ သေး၏။

အိုင်–အာရ်–အေ သူလျှိုအဖွဲ့မှာ ထိုသူသည် ကြောင်သူတော် လူလိမ်ဖြစ်ကြောင်းကို နိုက်နိုက်ချွတ်ချွတ် ရှာဖွေသိရှိလာ၏။ ကြောင် သူတော်မှာ ပညတ်နှင့်ကိုက်အောင် ယောင်ခြောက်ဆယ်သမား ဖြစ်လင့် ကစား သူ့လုပ်ငန်းက အိုင်–အာရ်–အေဂုဏ်ကို ထိခိုက်စေသည်သာ မက ဘေးကြီးစေ၏။ သို့ရာတွင် အစစ်အဆေး အမေးအမြန်းမရှိဘဲနှင့် သုတ်သင်ပစ်မှုသည် ငါတို့ဝါဒမဟုတ်၊ သတိပေး နိုးဆော်ချက် မရှိဘဲနှင့် ရန်သူ့သူလျှိုစုံထောက် စသည်တို့ကို အိုင်–အာရ်–အေ အမိန့်အရ သတ်ဖြတ်ပစ်ခြင်း ဓလေ့မရှိချေ။

လူတစ်ဦးတစ်ယောက်ကို မသင်္ကာသဖြင့် အိုင်–အာရ်–အေ အမိန့် ဖြင့် မြို့နှင် ပြည်နှင်ခြင်းပြုပါက အနှင်ခံရသူက ဆိုင်ရာ ပုလိပ်အစိုးရကို တိုင်တန်းချိမ့်မည်။ အခန့်မသင့်က "မီးခိုးကြွက်လျှောက်" ကိစ္စများဖွယ်

mgyoe.com

mgyoe.com


ရှိ၏။

သို့အတွက် သေနတ်ဝယ်သည်ဟုတွင်သော မျိုးနှစ်ပုဂ္ဂိုလ်အကြောင်း ထပ်မံစုံထောက်ရန် စီစဉ်၏။ ငါတို့အား သတင်းပေးသူမိန်းမကိုပင် ထိုကြောင်သူတော်နှင့် ထပ်မံမိတ်ဖွဲ့၍ စကား"နှိုက်"ရန် လွှတ်လိုက်ပြန်၏။ တစ်ည ထိုမိန်းမက ကြောင်သူတော်အား လီဗာပူးမြို့ အင်္ဂလိပ်မြို့စောင့်တပ်၊ စားနပ်ရိက္ခာဘက်ဆိုင်ရာ စစ်ကြပ်ကလေးနှင့် မိတ်ဆက်ပေး၏။ မိတ်ဆက်ရာ၌ စစ်ကြပ်သည် အိုင်–အာရ်–အေ ထောက်ပံ့သူ ဖြစ်၏။ သေနတ်ခဲယမ်းမီးကျောက် မြောက်မြားစွာ ခိုးယူရောင်းနိုင်ကြောင်း ထည့်သွင်းပြောဆို၏။ စစ်ကြပ်ဆိုသူမှာ အမှန်စင်စစ် အိုင်–အာရ်–အေ သူလျှိုအဖွဲ့ဝင် တစ်ဦးဖြစ်၏။ သဏ္ဌာန်လုပ်သရုပ်တူအောင် ပကတိ စစ်ဝတ်စစ်စား များနှင့်တည်း။

ဟိုတယ်များ၌ သောက်စားမူးယစ် ပျော်ပါးပြီးလျှင် ကြောင်သူတော်က စစ်ကြပ်အား သူ့လိပ်စာကိုပေး၍ အတွင်းရေးများကို ဖွင့်ချရာ အရေးကြီးသော သတင်းများ ပါလေ၏။ စစ်ကြပ်က သေနတ်နှင့် ကျည်ဆန် ရောင်းဝယ်ရန် ဆွေးနွေးပြီးနောက် သေနတ်ဝယ်ရန် အချိန်ချိန်း၍ ချိန်းဆိုသောနေ့၌ စစ်ကြပ်ဆီက လာဟန် စာတစ်စောင် ကြောင်သူတော်ဆီ ရောက်ရှိ၏။ စာထဲ၌ သေနတ်၊ ခဲယမ်းများ ခိုးဝှက်ယူရာ၌ဆိုင်ရာ အရာရှိများ သိသွားသဖြင့် အဖမ်းခံရကြောင်း၊ ကိုယ့်ဘေးကိုယ်ကြည့်၍ ဘေးကင်းလိုလျှင် တိုင်းပြည်က တစ်ခါတည်း ထွက်သွားရန် အကြံပေးချက်ပါလေ၏။ စာရသောညမှာပင် ကြောင်သူတော်သည် ဒပ်ဗလင်မြို့မှ ချက်ချင်းထွက်သွားသည်ကို ထောက်ကြည့်ခြင်းအားဖြင့် ဤစက်ပုန်းခုတ်မှုမှာ အထမြောက်အောင်မြင်ကြောင်း တွေ့ရ၏။ ဤနည်းနှင်နှင် အဖြစ်အပျက်မျိုးများကို မကြာခဏ တွေ့ကြုံခဲ့ရလေသည်။

လီဗာပူးမြို့ လူတစ်ဦး၏ သားသည် အိုင်ယာလန်ပြည်အတွက်

mgyoe.com

mgyoe.com



ထူထောင်ထားသော အင်္ဂလိပ် အစိုးရ အပျော်တမ်းတပ်တွင် ဝင်ရောက် အမှုထမ်းနေ၏။ လီဗာပူးမြို့ သို့မဟုတ် အင်္ဂလန်ပြည် တစ်နယ်နယ်သို့ ဆွေမျိုးဉာတိများကို အလည်အပတ် လာကြည့်သည့် အနေနှင့် ငါတို့နှင့် ပတ်သက်၍ လျှို့ဝှက်သော ကိစ္စကြီးတစ်ရပ်အတွက် လာရောက်မည်။ ဤအချက်အလက်များ ဟုတ်၊ မဟုတ် မှန်၊ မမှန် ထောက်လှမ်းရန် ငါ တို့ တာဝန်ကျလာလေသည်။

ထိုလီဗာပူးနေသူနှင့် နာမည်တူ လူသုံးယောက် ရှိနေသည်။ ထို သုံးယောက်ထဲမှ တစ်ဦးဦးသည် အင်္ဂလိပ် ဘက်တော်သား ဖြစ်၏။ ရှာဖွေရန် မလွယ်ကူချေ။ တစ်ဦးမှာ အချို၊ အချဉ် သရေစာဆိုင်ရှင်၊ တစ်ဦးမှာ အရက်ဆိုင်ရှင်၊ ကျန်တစ်ဦးမှာ ရေခဲမုန့်ရောင်းသူ ဖြစ်၏။ အိုင်–အာရ်–အေတွင် လူတစ်ယောက်နှင့်အတူ ငါသည် အရက်ဆိုင် ဝင်ရောက် သောက်စား၍ ဆိုင်ထိုင်ရောင်းသူမှာ စစ်ပြန်ဖြစ်သဖြင့် ပြင်သစ်စစ်ပွဲများအကြောင်း ထွေရာလေးပါး လျှောက်ပြောကြ၏။ စကား ပြောရင်း ဆိုင်ရှင်သည် ငါတို့ လိုချင်၊ သိချင်သူ မဟုတ်ကြောင်း၊ သိရှိရ သဖြင့် စကားစဖြတ်ကာ ထလာခဲ့၏။ တစ်ဖန် ရေခဲမုန့်ဆိုင် ဝင်ရောက် စားသောက်ပြန်ကာ စနည်းနာရ၏။ အကြောင်းမထူးလှ။ သို့ရာတွင် ဆိုင်ရှင်မက "မဘယ်သူ ဘယ်ဝါ ဒီလမ်းထဲမှာပင် ပျော်ပွဲစားရုံ ဖွင့်ထား တယ်။ သူ့သားက အိုင်ယာလန် အင်္ဂလိပ် အပျော်တမ်း တပ်ဖွဲ့ဝင်ဖြစ် တယ်"ဟူ၍ သတင်းသဲလွန်စ ရရှိလေ၏။ ညွှန်လိုက်သော ပျော်ပွဲစားရုံ သို့ သွားရောက်ကာ လက်ဖက်ရည်သောက်ကြလေသည်။ ရုံအခြေအနေ ကို စေ့စပ်စွာ ကြည့်ရှုမှတ်သားခြင်း ပြု၏။ ငါတို့ စုံထောက်သောသူ လာလျှင် သုတ်သင်ရန် စီစဉ်ကြ၏။ သို့ရာတွင် ရုံရှင်မှာ ကံကောင်းသူဟု ဆိုရမည်။ မျှော်လင့်သူ အင်္ဂလိပ် အပျော်တမ်းတပ်ဝင်သူကား မပေါ်လာ ချေ။ လူတစ်ယောက် အသက်ရှည်သွားပြန်လေသ-ည်း။

mgyoe.com

mgyoe.com


အိုင်–အာရ်–အေ သူလျှိုလုပ်ငန်းသည် အချစ်စက်ကွင်းသို့ ကျဆင်းတတ်ကြောင်းကို ငါ့ကိုယ်တိုင် မတော်တဆ အချစ်စက်ကွင်းထဲ ရောက်၍ တွေ့ကြုံခံစားရမှုကို ဇာတ်ကြောင်းပြန်ဦးမည်။ လီဗာပူးမြို့ ခမ်းနားကြီးကျယ်သော အဒယ်(လ်)ဖီးရားဟိုတယ် ကပွဲကြီး၌ မိတ်ဆွေ သင်္ဂဟ များပြားစွာ ရရှိရန်အတွက် သွားရောက်ပျော်မြူးဖို့အကြောင်း ပေါ်လာလေ၏။ ထိုကပွဲ၌ မိန်းမချောကလေးတစ်ဦးနှင့် တွေ့ဆုံ၍ "အဆက်"ဖြစ်ကာ ကပွဲအပြီး၌ အစောင့်အရှောက်အဖြစ်ဖြင့် သူကလေး အား အိမ်ပြန်ပို့ရန် အခွင့်ရရှိ၏။ သူကလေး၏ ဂေဟာမှာ မြို့လယ် ရပ်ကြီး၌ ရှိ၏။ နောက်ထပ်တွေ့ဆုံကြရန်လည်း ချိန်းဆိုသေး၏။ ထပ် တလဲလဲ တွေ့ဆုံကြ၍ ခင်ခင်မင်မင် စွဲစွဲလမ်းလမ်း ရှိသွားကြရာ သူ ကလေး၏ အိမ်တွင်းရေးများကို သိတန်သလောက် သိရှိရလေသည်။ အရေးအလွန်ကြီးသော အတွင်းရေးမှာ သူကလေး၏ မောင်မှာ အိုင်ယာ လန်ပြည် အင်္ဂလိပ်အစိုးရ အပျော်တမ်းတပ်တွင် အရာရှိတစ်ယောက်ဖြစ် ၍ သူ၏ခေါင်းကို အိုင်–အာရ်–အေ သေနတ်သမားကြီးများက လိုချင် နေခြင်း ဖြစ်လေ၏။ ထိုအပျော်တမ်းတပ်မှာ အိုင်ယာလန်ပြည်သား များကို ညှဉ်းပန်း နှိပ်စက်သော စစ်ပုလိပ်များ ဖြစ်လေသည်။

ငါ့မှာ အခက်ကြုံနေတော့၏။ ကျေးဇူးသစ္စာကို မြဲစွဲစွာ စောင့်ထိန်း သော အိုင်–အာရ်–အေအသင်းသား တစ်ဦးဖြစ်သည်။ ငါနှင့်မှ အိုင်– အာရ်–အေက သတ်ဖြတ်လိုသော ရန်သူ၏အစ်မနှင့် သမီးရည်းစား ဖြစ်ရပလေ။ ငါ၏ အဖြစ်မှန်ကိုလည်း သူကလေး မရိပ်မိ။ ငါ့အား အိုင်ရစ်ဟူ၍ပင် မထင်။ ငါ့ကို သူ့မောင် အလည်လာသောအခါ တည်းခို နေထိုင်သော နေအိမ်လိပ်စာကိုပင် ပေးသေး၏။ သူခိုးလက် ဓားရိုးကမ်း ဘိ၏။ မျိုးချစ်စိတ်ဓာတ်နှင့် ကိုယ့်အချစ် စိတ်ဓာတ်လွန်ပွဲ ဆွဲနေလေ သည်။ နောက်ဆုံး၌ မျိုးချစ်စိတ်ကို အနိုင်ပေးလိုက်၏။ ဝတ္တရားသည်

mgyoe.com

mgyoe.com


ဝတ္တုရားပင်တည်း။ ငါ့မှာ ငါ၏ အဆက်အသွယ်ကို ဖြတ်ပစ်ရန် ဆုံးဖြတ်လိုက်မိ၏။ ငါ့နှလုံးကား မချိလေပြီ။ သို့သော် စိတ်ကို ချုပ်တည်းအားတင်း၍ ဣန္ဒြေဆောင်ခဲ့၏။ ငါ့ ဆုံးဖြတ်ချက်အရ ဘယ်ဘယ်ညာညာ သွားမည်ဆိုကာ စာရေးလိုက်၏။ စာထဲ၌ အတော်ကြာစွာ ခရီးသွားနေမည်ဖြစ်၍ မျှော်မနေရန်ကိုလည်း ထည့်ရေးလိုက်သေးသည်။ ငါသည် လီဗာပူးမြို့မှ မန်ချက်စတာမြို့သို့ တကယ်ပင် သွားရောက်၏။ ငါ့မှာ လေ့နှံနှစ်ဖက် မနင်းနိုင်ကြောင်း မနင်းဝံ့၍သာ ထွက်ခွာခဲ့ရလေသည်။ အချစ်ကို မလှည့်စားဝံ့၊ ချစ်ခင်စွာ ဆက်ဆံပြီးလျှင် တစ်ပတ်မရိုက်ရဲ၊ မရိုက်ရက်ချေ။ ငါသည် သူကလေးပြောသော သူ့အိမ်တွင်းရေးမှန်သမျှကို ဝမ်းထဲ၌သာ သိုလှောင်ထား၏။ သူကလေး၏ မောင်လိပ်စာကိုမူကား ခေါင်းထဲထည့်ထားလိုက်လေသည်။ ဤမျှနှင့်ပင် ပွင့်စမာလာနှင့်တူသော ငါ၏ အချစ်ဇာတ်စခန်း သိမ်းသွားရဖူးလေသည်။

❖

mgyoe.com

mgyoe.com

## အခန်း ၈
## မိုးမီးလောင်ခြင်း

လီဗာပူးကုန်တိုက် မီးရှို့မှုသည် အချိန်တည်းဟူသော မြူမှောင်ထဲ၌ ပျောက်ကွယ်သွားသကဲ့သို့ လူတို့ သတိမေ့ပျောက်သွားသောအခါ ငါတို့ အိုင်–အာရ်–အေတပ်မှာ လူတစ်ရာလောက်သာ ရှိတော့၏။ ရဲဘော်တို့မှာ လှုပ်လှုပ်ရွရွ အလုပ်လုပ်ပြီးမှ ဗြုန်းခနဲ အငြိမ်နေရသဖြင့် အူတွင်းက မရိုးမရွ ဖြစ်နေ၏။ သွေးတိုးလိုသော စိတ်များ ထကြွလျက်ရှိ၏။

လီဗာပူးမြို့ အိုင်–အာရ်–အေ ဌာနချုပ်က လီဗာပူး တစ်နယ်လုံးရှိ ယာတဲ၊ ခြံတဲများ မီးရှို့ပစ်ရန် အမိန့်ချမှတ်လေသည်။

ငါ့ကို ဝလက်စလေရပ်ကွက် ယာတဲ၊ ခြံတဲ မီးတိုက်မှုတွင် အုပ်စီးရန် ရွေးချယ်ခြင်း ခံရလေသည်။ မီးတိုက်မှု ပြုလုပ်ရန်အတွက် လီဗာပူးတစ်နယ်လုံးရှိ ယာတဲ၊ လယ်ထဲ၊ ခြံတဲများ၏ မြေပုံများ မီးရှို့ရမည့် နေရာများကို ဆွဲမှတ်ရေးသားပြီး ရှိလေသည်။

လီဗာပူး ကုန်တိုက်များ မီးတိုက်စဉ်ကကဲ့သို့ ရေနံဆီ၊ ဓာတ်ဆီ၊

mgyoe.com

mgyoe.com


ထင်းရှူးဆီများလည်း အသင့်စုဆောင်းပြီး ရှိလေသည်။ ငါတို့အား ဌာနချုပ်က သွေးစည်းရန် အစည်းအဝေး ခေါ်၏။ ကုန်သဘော်လုပ်ငန်း ဝင်ရောက်လုပ်ကိုင်နေသူ အိုင်–အာရ်–အေ တပ်သားများမှအပ အစည်းအဝေးသို့ အားလုံးတက်ရောက်ကြ၏။ ငါတို့အား သေနတ်များနှင့် ခါတိုင်းထက် ယမ်းတောင့် နှစ်ဆတိုး၍ ဝေငှပေးလေသည်။ အစီအစဉ်အတိုင်း အစည်းအဝေး ကျင်းပသော်လည်း စနောင့်စနင်း ဖြစ်စရာကိစ္စတစ်ရပ် ပေါ်လာ၏။

သေနတ်ဝေငှပေးပြီးသည့်နောက် မတော်တဆ သေနတ်တစ်ချက် အသံမြည်စွာနှင့် ထွက်သွားလေ၏။ သေနတ်ကျည်ဆန်မှာ အထက်ထပ်ကြမ်းကို ဖောက်ထွင်းကာ အောက်ထပ် လူများနေထိုင်သော အခန်းထဲ ရောက်သွားလေ၏။ ကံအားလျော်စွာ အောက်ခန်း၌ လူမရှိချေ။ သေနတ်တစ်ချက် ထွက်သွားမှုမှာလည်း သေနတ်မကိုင်တတ်သော လူသစ်တစ်ယောက်ကြောင့် ဖြစ်ရလေသည်။ သေနတ်ကျည်ဆန်ကြမ်းကို ဖောက်ထွင်းမဝင်ခင် ငါ့ဖိနပ်ဦးကိုပင် ပွတ်သွားသေး၏။ ငါ့မှာ သေနတ်ဘေးမှ သီသီကလေး လွတ်သွား၏။ သေနတ်သံကြားသောအခါ ဗိုလ်ဝင်ခံသူများမှာ ရိုးတိုးရွတဖြစ်၍ ဆူပွက်လှုပ်ရှားလာကြ၏။ သို့ရာတွင် ဝါရင့်သူ၊ ပွဲတိုးဖူးသူများက ပရိသတ်များကို တစ်ခဏချင်း ငြိမ်းချမ်းအောင် အုပ်ထိန်းကြပ်မတ်၍ အေးချမ်းတည်ကြည်စွာနှင့် စည်းဝေးရာမှ တစ်ယောက်စီ အမှတ်တမဲ့ ထွက်ခွာသွားနိုင်ရန် ဖန်တီးပစ်လေ၏။

နောက်တစ်နေ့ ညမှာ ယာတဲ၊ ခြံတဲ၊ လယ်တဲ၊ အိမ်များ မီးစတင်ရှို့ရန် အချိန်ဖြစ်၏။ အစီအစဉ်အတိုင်း လီဗာပူးဘက် ဖြတ်ကူးသော "ကူးတို့ဆိပ်"၌ ရဲဘော်များ တွေ့ဆုံရန် သတ်မှတ်ထား၏။ ငါတို့အသွားအလာများနှင့် တွေ့ဆုံရာဌာနကို လူမသိစေခြင်းအလို့ငှာ စိုးရိမ်ကြီးစွာနှင့် လျှို့ဝှက်ထား၏။

mgyoe.com

mgyoe.com


ချိန်းဆိုထားသော ညအချိန်၌ သတ်မှတ်ထားသော ပထမ မီးတိုက်ရမည့် ယာတဲသို့ အခက်အခဲများ တွေ့ဆုံကျော်လွှန်၍ ငါတို့တစ်စု ရောက်ရှိသွားလေ၏။ အခက်အခဲသစ် ထပ်မံတွေ့ရပြန်ပြီ။ ရွာထဲရှိ ခွေးများမှာ သူစိမ်းများမြင်သဖြင့် အမျှင်မပြတ် ဟောင်လေ၏။ ရွာထဲ ရွာပြင်၌ ရွာသားများ အသွားအလာ မစဲသေးသဖြင့် ငါဖို့ စတင်မီးတိုက်ရမည့် ယာတဲ မီးမရှို့ဖြစ်။ ဒုတိယ မီးတိုက်ရမည့် ယာတဲဆီသို့ သွားကြလေ၏။

ထိုအတောအတွင်း လီဗာပူး မာဆီမြစ်ဘက်မှ မိုးထိုးအောင် တက်နေသော မီးတောက်မီးလျှံများကို မြင်ကြရ၏။ တစ်ဖန် ထိုမာဆီမြစ်ဘက်က လူများကလည်း ငါတို့ ရဲဘော်များ မီးတိုက်သော ယာတဲ မီးတောက်ကြီးများကို တွေ့ရမည်မှာ မလွဲတည်း။ တစ်မိုးလုံး မီးလောင်သည်နှင့် တူတော့၏။

ငါတို့သည် ယာတဲကြီး၊ အိမ်ကြီးလေးခုကို မီးတိုက်ပြီးသည့်နောက် အနှောင့်အယှက် မတွေ့ရဘဲနှင့် လွတ်ရာကျွတ်ရာ ငါတို့ ထွက်သွားနိုင်ခဲ့၏။ ယာတဲများ မီးကြီးလောင်သည်ကို ရပ်ရွာရှိ လူများမှာ အံ့ဖွယ်သရဲနှင့် ကြည့်နေကြကုန်၏။

ထိုည မီးတိုက်မှု ဝတ္တရားကျေပွန်လျှင် ငါတို့သည် ဝလက်ဆလေ အပိုင်းနှင့် သုံးမိုင်ကွာ လူသူမနီးသော ဒေသသို့ ရောက်သွားကြ၏။ ငါတို့မှာ တာလမ်းမအတိုင်း မလျှောက်ရဲကြ၊ မီးလောင်ရာသွားသော လမ်းအတိုင်း ပုလိပ်အစောင့်အကြပ် ထူထဲလှ၏။ ငါတို့မှာ ဆားကင်းရာ ကင်းကြောင်း လမ်းမှလှည့်၍ ပြန်လာကြ၏။ လမ်း၌ ကောက်ရိုးပုံတစ်ပုံ တွေ့၍ မီးတိုက်ရပြန်၏။ ကောက်ရိုးပုံ မီးရှို့ရန် ငါ့မှာ ရေခါးထက်ဝက် လောက်ရှိ ရွှံ့ညွန် ချောင်းဖြတ်ကူးရ၏။ ငါ့ကိုယ်၌ ပေကျံနေသော ရွှံ့များကို လူသူ မရိပ်မိအောင် ဆေးကြောပစ်ရပြန်၏။ လီဗာပူးမြို့သို့

mgyoe.com

mgyoe.com


ကူးတို့ဖြင့် မကူးခင် ငါ့မှာ တာဝန်ရှိသေးသဖြင့် ရဲဘော်များကို အရင်သွားစေ၍ ငါ့ရဲဘော်များ၏ သေနတ်၊ ယမ်းတောင့်များကို သိမ်းဆည်းကာ ကွင်းပြင်တစ်ခု၌ လျှို့ဝှက်စွာ တူးမြှုပ်ထားခဲ့လေသည်။

ငါသည် ယမ်းအပြည့် ထိုးထားသော ခြောက်လုံးပြူးတစ်လက်ကို လိုရမည်ရ ခါးကြားထိုး၍ တာလမ်းမ နံဘေးချုံပုတ် ကန်သင်းများကို ဖြတ်ကျော်၍ ကူးတို့ဆိပ်သို့ လာ၏။ တာလမ်းမတစ်လျှောက်၌ မီးလောင်ရာသို့ အပြေးအလွှားကြည့်သူ လူအုပ်ကြီးများ ဆူညံပွက်လောရိုက်သံများကို ကြားရ၏။ လူရိပ်များကို တမည်းမည်းနှင့် အဝေးကမြင်ရ၏။ ငါ့မှာ တာလမ်းမနံဘေး ချုံငုံတစ်ခု၌ ဝပ်၍ ငါ့အနား အမှူမဲ့၊ အမှတ်မဲ့ လျှောက်သွားကြသူများကို ချောင်းမြောင်းကြည့်မိ၏။ လူတစ်အုပ် ငါ့ချုံငုံနား လှံတစ်ကမ်းလောက်မှာ လျှောက်သွားကြ၏။ သူတို့အထဲမှ အာကျယ်ကျယ်တစ်ယောက်က "ယာတဲက လက်လုပ်လက်စားတွေ သူတို့အလုပ်ရှင်၊ ယာရှင်တွေကို မကျေနပ်ကြလို့ သပိတ်မှောက်ပြီးတွေ့ကရာမီးလျှောက်ရှို့တာ ထင်ပါရဲ့"ဟု ပြော၏။ အတွေးအတောအမျှော်အခေါ်ရှိသော ကျောင်းသားထင်ရသူ လူငယ်တစ်ဦးက "ဒီမီးဟာ ဆင်ဖိန်းသေနတ်သမားတွေ လက်ချက်ပဲ"ဟု စောဒက တက်လေသည်။ ငါ့ကိုယ်မှာ စိုရွှဲလျက် ရွှံ့ဖုန်လူးနေသဖြင့် မသင်္ကာစရာ ဖြစ်ချင်ဖြစ်နိုင်သောကြောင့် ငါ့မှာ တာလမ်းနံဘေး ဖုတ်ချုံငုံထဲ၌ ခွေးကဲ့သို့ ဝပ်နေရ၍ လူမစဲ သေးသမျှ ခေါင်းမဖော်ဝံ့ဘဲ လူရိပ်လူခြေ အသွားအလာ အသံသာလျှင် အကဲခတ်၍ ရင်တလှပ်လှပ် ဖြစ်တော့၏။ နှင်းကလည်း တဖွဲဖွဲကျနေရာထိုင်ခင်းကလည်း ကျဉ်းမြောင်းကျပ်တည်း အသက်ရှူပေါက်ပင်မရှိလှ။ အသက်ပြင်းပြင်းမျှ မရှူရဲ၊ ငါ့ရဲဘော်များကား လွတ်ရာလွတ်ကြောင်း ကူးတို့ကူး၍ အိမ်ပြန်ရောက်ကြပြီ။ ငါကား တစ်ကိုယ်တည်း ဆူးကြားသီးသည့် ဘူးကဲ့သို့ ကျန်ရစ်ခဲ့၏ဟု တွေးတောမိ၏။

mgyoe.com

mgyoe.com


ငါ့မှာ ဤမျှလောက် ဆိုးရွားသော အခက်အခဲ မကြုံစဖူးရသဖြင့် အနေ ကျုံ့၍ ဟာ...ဘာပဲဖြစ်ဖြစ် ကြံလိုက်မည်။ ထွက်လိုက်တော့မည် ကြံရွယ် မိ၏။ ပုန်းလျှိုးကွယ်လျှိုးထက် ဖြောင်ဖြောင်ကြိုက်သူ ငါ့မှာ ဘေးနှင့်ဆိုင် ရပြီ။ "လာမယ့်ဘေး ပြေးတိုက်"ဆိုသော ငါတို့ ဩဝါဒအတိုင်း ငါသည် ဘေးသစ်ကိုပြေး "ညှစ်"လိုက်ချင်၏။ ဤသို့ ထွေထွေထူးထူး စိတ်ကူး တုန်းပင်လျှင် ခေါင်းပေါ် တာလမ်းမကြီး၌ လျှောက်သူလူရိပ်လူခြေ ရပ်စဲ၊ အသံများလည်း တိတ်ဆိတ်သွားသောအခါ ငါသည် ချိုင့်ထဲ ဖုန်ထဲမှ ခေါင်းတဖြည်းဖြည်း ဖော်ကာ မြွေကဲ့သို့ တွား၍ တာလမ်းမပေါ် တက်လေ၏။ ငါ့မှာ လွတ်လမ်းမြင်ပြီ။ လမ်းလေးခွဆုံသည့်နေရာ၌ တစ်ဖန် ပုလိပ်နှစ်ယောက် လမ်းနံဘေး၌ မတ်တတ်ရပ် စကားပြောနေကြ သည်ကို တွေ့ရပြန်သည်။ ငါ့မှာ ငါကိုယ်ငါ မလုံသလို ဖြစ်နေ၏။ ပုလိပ်နှစ်ဦး ငါ့ကို မမြင်ခင် ဖြုန်းခနဲ တာလမ်းနံဘေး ချုံပုတ်ထဲသို့ ပြေးဝင်အောင်းနေမိ၏။ ပုလိပ်နှစ်ယောက်မှာ စကားတပြောပြောနှင့် ငါ ပုန်းအောင်းရာကို ကျော်လွန်ပျောက်ကွယ်သွားမှ ငါသည် ပုန်းအောင်း နေရာမှ ထွက်လာဝံ့၏။ တာလမ်းမှ ကွက်လပ်တစ်ခု ကျော်မိလျှင် လူရိပ် တစ်ခု ဆတ်ခနဲ မြင်လိုက်ရလေသည်။ "တန်တော့ ငါ့ နောက်ယောင်ခံ လိုက်နေပြီ"ဟု ငါ သဘောရ၍ ခေါင်းမတ်စွာ ထောင်၍ ခြေလှမ်းမပျက် ခါးထက်ရှိ ခြောက်လုံးပြူးကိုသာ မြဲမြံစွာ ကိုင်လျက် အရေးရှိပါက လက်မြန်မြန်နှင့် ပစ်နိုင်ရန် အဆင်သင့် ပြင်ထားမိ၏။

ငါ အထင်မှားလေစွ၊ ငါ့နောက် လိုက်လာသူသည် တစ်သမတ် တည်း ငါ့နောက်မလိုက်၊ လမ်းလွှဲကာ သူလိုရာသို့ သွားလေ၏။ ငါ့မှာ ထိုအခါမှ အသက်ရှူချောင်လာတော့၏။ ငါသည် နေ့ ၁ နာရီထိုးမှ အိမ်ပြန်ရောက်၏။ ငါ့တာဝန် ကျေပွန်လေပြီ။ ငါတို့ တစ်ညလုံး လုပ်ကြံ ခဲ့သမျှသည် ထိခိုက်လှစွ၊ သတင်းပလင်း နားစွင့်ထောင်၍ ငါတို့အခြေ

mgyoe.com